


FREEDOM OF EXPRESSION
ACTIVIST ORGANIZATION

# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်

## အစိုးရသက်တမ်းဝက်အစီရင်ခံစာ

## Mid-term Report on Freedom of Expression

CoverDesignby:PaingNaingAung

FREEDOM OF EXPRESSION
ACTIVIST ORGANIZATION

# လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်

## (အစိုးရသက်တမ်းဝက် အစီရင်ခံစာ)


**အသံ**

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့

*https://www.facebook.com/athan.foe.myanmar/*

*athan.info@gmail.com*

# မာတိကာ


ကျေးဇူးတင်ရှိခြင်း ၇
အဖွဲ့အစည်းနောက်ခံ အကျဉ်း ၈
မှတ်တမ်းကောက်ယူမှု နည်းလမ်းများ ၁၀

**အခန်း ၁။ နိဒါန်း** ၁၁

**အခန်း ၂။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်**

အပိုင်း ၁
အရပ်သားအစိုးရ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ်
ချိုးဖောက်မှုများ ၁၂

(က) ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ)ကို မပယ်ဖျက်ခဲ့ခြင်း ၁၂
(ခ) နိုင်ငံသားတို့၏ လွတ်လပ်မှုနှင့် လုံခြုံမှုကို အမှန်တကယ်
အကာအကွယ် မပေးနိုင်သည့် ဥပဒေ ၁၈
(ဂ) သံချပ်စာသားများ ခွင့်ပြုချက်တင်ရန် ရန်ကုန်တိုင်းအစိုးရက
ထုတ်ပြန်ခဲ့ခြင်း ၂၀
(ဃ) လူမှုကွန်ရက် သုံးစွဲမှုများကို အစိုးရက စောင့်ကြည့်ထိန်းကျောင်းခြင်း ၂၁
(င) ပညာရေးဆွေးနွေးပွဲ ဦးဆောင်ကျင်းပသော ကျောင်းသားအား
အရေးယူခြင်း ၂၁
(စ) ကရင်နီ ပြည်သူများအပေါ် ကယားပြည်နယ် အစိုးရ၏
တရားစွဲဆိုထားမှုများ ၂၂
(ဆ) ဆွေးနွေးပွဲ/ဆုတောင်းပွဲများနှင့် ကဗျာရွတ်ဆိုပွဲများပါ
ပိတ်ပင်တရားစွဲဆိုမှုများ ရှိလာခြင်း ၂၄
(ဇ) ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့အား
နိုင်ငံတော်ပုန်ကန်မှုဖြင့် စွဲချက်တင်ခဲ့ခြင်း ၃၀
(ဈ) ဒေါ်အောင်ဆန်းစုကြည်ကို ဝေဖန်ပုတ်ခတ်ခဲ့သူအား
ရာဇသတ်ကြီးပုဒ်မ ၁၂၄ (က) ဖြင့် ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့ခြင်း ၃၀
(ည) တရားရုံး၏ ဆုံးဖြတ်ချက်ကို ဝေဖန်ပြောကြားသူအား တရားစွဲဆိုခြင်း ၃၁
(ဋ) လူ့အခွင့်အရေးရှေ့နေ ဒေါ်ခင်ခင်ကျော်နှင့် ကိုသန်းထိုက်တို့ကို
ထောင်ဒဏ်ချမှတ်ခဲ့ခြင်း ၃၁

အပိုင်း ၂
လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် တပ်မတော်၏ ချိုးဖောက်မှုများ ၃၃
(က) တပ်မတော်၏ လွတ်လပ်စွာ ပြောဆိုခွင့်အပေါ်
ကန့်သတ်ချိုးဖောက်မှုများ ၃၃

**အခန်း ၃။ သတင်းမီဒီယာ လွတ်လပ်ခွင့်**
(က) သတင်းထောက်တစ်ဦး အသတ်ခံရခြင်း ၃၉
(ခ) သတင်းသမားများအပေါ် တရားစွဲဆိုမှုများ ၄၀
(ဂ) မြန်မာဂျာနယ်လစ်ကွန်ရက်ရုံးခန်း ပြောင်းရွှေ့ရန် ဖိအားပေးခံရခြင်း ၄၃
(ဃ) သတင်းသမားများ ခြိမ်းခြောက်ခံရခြင်း ၄၄
(င) သတင်းသမားနှစ်ဦး အလုပ်ထုတ်ခံခဲ့ရခြင်း ၄၄
(စ) MNTV က BBC မြန်မာပိုင်းအစီအစဉ် ထုတ်လွှင့်မှုကို ရပ်ဆိုင်းခဲ့ခြင်း ၄၅
(ဆ) သတင်းထောက်နှစ်ဦးကို နှစ်ရှည် ထောင်ဒဏ်ချမှတ်ခြင်း ၄၆

**အခန်း ၄။ လွတ်လပ်စွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်**
(က) ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ
ဥပဒေ ပြင်ဆင်ခြင်း ၄၈
(ခ) ဆန္ဒပြ ကျောင်းသားများအား ကျောင်းမှထုတ်ပယ်ခြင်း ၅၀
(ဂ) ရန်ကုန်တိုင်းဒေသကြီး ၁၁ မြို့နယ်တွင် ဆန္ဒထုတ်ဖော်ခွင့် ပိတ်ပင်ခဲ့ခြင်း ၅၁
(ဃ) မေလတစ်လတည်း၌ပင် တက်ကြွလှုပ်ရှားသူ ၄၇ ဦးကို ငြိမ်းစုစီ
ဥပဒေဖြင့် တရားစွဲဆိုခဲ့ခြင်း ၅၂
(င) အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သူများကို ထောင်ဒဏ်တစ်နှစ်ခွဲ
ချမှတ်ခဲ့ခြင်း ၅၃
(စ) တရားရုံးရှေ့ ဆန္ဒပြသူများကို ထောင်ဒဏ် ၁ နှစ်ခွဲစီ ချမှတ်ခဲ့ခြင်း ၅၃
(ဆ) ဆန္ဒပြသည့် အလုပ်သမားများ အလုပ်ထုတ်ခံခဲ့ရခြင်း ၅၃
(ဈ) ဆန္ဒပြပွဲအတွက် ခွင့်ပြုမိန့်တင်ထားသူကို ၅၀၅ (ခ) နှင့် တရားစွဲဆိုခြင်း ၅၄

**အခန်း ၅။ အစီရင်ခံစာ အနှစ်ချုပ်** ၅၅

# ကျေးဇူးအထူးတင်ရှိခြင်း

အသံအဖွဲ့၏ Logo ဒီဇိုင်းများကို မေတ္တာဖြင့် ကူညီ ရေးဆွဲပေးခဲ့ပါသော ကိုလက်ဝဲ၊ ယခု အစီရင်ခံစာအတွက် စာအုပ်အဖုံးဒီဇိုင်းကို ကူညီရေးဆွဲပေးပါသော ကိုပိုင်နိုင်အောင်၊ ဓာတ်ပုံများကို မေတ္တာဖြင့် သုံးစွဲခွင့်ပြုခဲ့ပါသော ကိုအောင်နိုင်စိုး(UKSY)၊ ကိုကျော်ကျော်၊ ကိုအောင်ခန့်နှင့် Victoria Milko တို့ကို ကျေးဇူးအထူးတင်ရှိပါသည်။

**'အသံ' အဖွဲ့သားများ**

FREEDOM OF EXPRESSION
ACTIVIST ORGANIZATION

# အဖွဲ့အစည်း နောက်ခံအကျဉ်း

'အသံ'အဖွဲ့ကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ယုံကြည်အလေးထားသော လူငယ်များက ဦးဆောင်၍ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ဆက်သွယ်ရေးဥပဒေဆိုင်ရာ သုတေသနအဖွဲ့နှင့် We Support Journalists အဖွဲ့တို့ ပူးပေါင်းကာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့်ဆိုင်သော အရေးကိစ္စများကို ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ 'အသံ' အဖွဲ့ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ ဆက်သွယ်ရေးဥပဒေ၊ ငြိမ်းစုစီဥပဒေ၊ မတရားအသင်းဥပဒေ၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ နှင့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးရေး ဥပဒေတို့ဖြင့် တရားစွဲဆိုခံထားရသော အမှုစာရင်းများ ပြုစုခြင်း၊ တရားစွဲဆိုခံထားရသော သတင်းသမားများ စာရင်းကို ပြုစုခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ပိတ်ပင်ထားသော ဖြစ်စဉ်များ၊ အရေးယူ တရားစွဲဆိုခြင်းများကို စောင့်ကြည့်မှတ်တမ်းတင်ခြင်း၊ ၃ လတစ်ကြိမ် အစီရင်ခံစာများ ထုတ်ဝေဖြန့်ချိခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အဟန့်အတားဖြစ်နေသော ဥပဒေများ ပြုပြင်ပြောင်းလဲရေးအတွက် ဥပဒေပြု အဖွဲ့အစည်းများကို စည်းရုံးလှုံ့ဆော်ခြင်းနှင့် လိုအပ်သော ဒေသများတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အသိပညာဖြန့်ဝေမှုများ ပြုလုပ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

■

SEAPA

Southeast Asian Press Alliance

အရှေ့တောင်အာရှ စာနယ်ဇင်း မဟာမိတ်အဖွဲ့အစည်း (SEAPA) ဟာ အရှေ့တောင်အာရှ ဒေသအတွင်း စာနယ်ဇင်းလွတ်လပ်ခွင့်နဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို မြှင့်တင့်ကာကွယ်ရေးအတွက် အထူးလုပ်ဆောင်နေတဲ့ ဘန်ကောက်အခြေစိုက် ဒေသဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ SEAPA ကို ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှာ တည်ထောင်ခဲ့ပါတယ်။ SEAPA ဟာ အရှေ့တောင်အာရှဒေသတွင်းနဲ့ ဒေသပြင်ပက အဖွဲ့ဝင် အဖွဲ့အစည်း ၁၃ ခုအပြင် မီဒီယာအရေး စည်းရုံးဆွေးနွေးမှုတွေ လုပ်ဆောင်နေပြီး၊ မီဒီယာရေးရာကျွမ်းကျင်တဲ့ နယ်ပယ်နဲ့ လူ့အခွင့်အရေး အဖွဲ့အစည်းနယ်ပယ်တွေမှာ အလုပ်လုပ်နေတဲ့ လူပုဂ္ဂိုလ်တွေနဲ့ ပူးပေါင်းပြီး ဒေသတွင်းမှာ တာဝန်ယူမှု တာဝန်ခံမှုရှိတဲ့ စာနယ်ဇင်းနဲ့ မီဒီယာတွေအတွက် လွတ်လပ်ပြီး လုံခြုံဘေးကင်းတဲ့ နယ်ပယ်တစ်ခု ဖြစ်ပေါ်လာဖို့ ဆောင်ရွက်နေပါတယ်။

ဒီအစီရင်ခံစာဟာ အသံနဲ့ SEAPA ရဲ့ ပူးပေါင်းဆောင်ရွက်မှုတစ်ခု ဖြစ်ပါတယ်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နဲ့ မီဒီယာလွတ်လပ်ခွင့်ကို ချိုးဖောက်မှုနဲ့ သက်ဆိုင်တဲ့ ဖြစ်စဉ်တွေကို အသံအဖွဲ့က စောင့်ကြည့်ပြီး မှတ်တမ်းတင်နိုင်ဖို့ SEAPA က အသေးစား ထောက်ပံ့မှုတစ်ခု ပံ့ပိုးခဲ့ပါတယ်။ SEAPA နဲ့ အသံဟာ မှတ်တမ်းတင် ကောက်ယူမှု နည်းလမ်း၊ ဖြစ်စဉ်အမျိုးအစား ခွဲခြားပုံနဲ့ တည်းဖြတ်တဲ့ အပိုင်းတွေမှာလည်း ဆွေးနွေး တိုင်ပင်ပြီး ပူးပေါင်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

■

## မှတ်တမ်းကောက်ယူမှု နည်းလမ်းများ

'အသံ'အဖွဲ့၏ ယခုအစီရင်ခံစာကို ရေးသားရာတွင် နေ့စဉ်ထုတ် သတင်းစာများ၊ ဂျာနယ်များမှ သတင်းများနှင့် ယုံကြည်စိတ်ချရသော အွန်လိုင်းသတင်းဌာနများမှ သတင်းများကို ကဏ္ဍအလိုက် ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်း၊ တရားရုံးထုတ်များသို့ သွားရောက်လေ့လာပြီး တွေ့ဆုံမေးမြန်းခြင်းနှင့် ဖုန်းဖြင့်ဆက်သွယ်ပြီး မေးမြန်း မှတ်တမ်းတင်ခြင်း နည်းလမ်းများဖြင့် ပြုစုခဲ့ခြင်းဖြစ်သည်။

■

# အခန်း ၁
# နိဒါန်း

၁၉၈၈ ခုနှစ်၊ တပ်မတော်က အာဏာသိမ်းပြီး နောက်ပိုင်းတွင် မြန်မာပြည်၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်မှာ (လုံး၀) ပျောက်ကွယ်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (စစ်အစိုးရ)က စိတ်ကြိုက်ရေးဆွဲထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာခဲ့သည်။ အဆိုပါ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ်တွင် စစ်ဘက်မှ အရပ်ဘက်သို့ ကူးပြောင်းလာခဲ့သော အငြိမ်းစား ဗိုလ်ချုပ်ကြီးများ ဦးဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၁၉၈၈ နောက်ပိုင်း ပထမဦးဆုံး အထွေထွေရွေးကောက်ပွဲတွင် အာဏာရလာပြီး ဦးသိန်းစိန် သမ္မတ ဖြစ်လာခဲ့သည်။ ဒီမိုကရေစီ ဖော်ဆောင်ပေးမည်ဟု ပြောကြားခဲ့သည့် ဦးသိန်းစိန် အစိုးရ လက်ထက်တွင် လွတ်လပ်စွာပြောဆိုခွင့် အနည်းငယ် ရရှိလာခဲ့သည်။ ပုဂ္ဂလိက သတင်းစာများ၊ ဂျာနယ်များကို ထုတ်ဝေခွင့်ပြုခဲ့ခြင်း၊ သံချပ်များ ပြန်လည်လက်ခံခဲ့ခြင်းနှင့် ဆန္ဒပြခြင်းကို ဥပဒေတစ်ရပ်ရေးဆွဲကာ ခွင့်ပြုခဲ့ခြင်းတို့မှာ ယခင် စစ်အစိုးရနှင့် နှိုင်းစာလျှင် တိုးတက်လာသည်ဟု ပြောနိုင်သည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲ၌ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) သောင်ပြိုကမ်းပြို အနိုင်ရပြီးနောက်ပိုင်းတွင် လွတ်လပ်စွာပြောဆိုခွင့် ပိုမိုရရှိလာလိမ့်မည်ဟု ပြည်သူအားလုံးက မျှော်လင့်ခဲ့ ကြသည်။ အမျိုးသားပညာရေး ဥပဒေကြမ်းကို ကန့်ကွက်သောအားဖြင့် မန္တလေးမှ ရန်ကုန်သို့ ချီတက်လမ်းလျှောက် ဆန္ဒပြခဲ့ခြင်းကြောင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး တရားရင်ဆိုင်နေရသော ကျောင်းသားများ၏

အမှုများကို သမ္မတသစ် ဦးထင်ကျော်က ပိတ်သိမ်းပြီး ပြန်လွှတ်ပေးခဲ့သည်။ အစိုးရကို ဆန္ဒပြခြင်းကြောင့် အခြားသော နိုင်ငံရေးပုဒ်မများဖြင့် ထောင်တွင်း အကျဉ်းကျနေသော နိုင်ငံရေးသမားများ၊ တက်ကြွလှုပ်ရှားသူများ၊ အလုပ်သမား၊ လယ်သမားများကိုလည်း လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ခြင်းသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ NLD အစိုးရသစ်၏ ကောင်းမွန်သောခြေလှမ်းများ ဖြစ်ခဲ့သည်ကို ငြင်းဆို၍ မရနိုင်ပါ။ သို့သော် ယင်းနောက်ပိုင်းတွင် NLD အစိုးရနှင့် လွှတ်တော်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ပိတ်ပင်ကန့်သတ်မှုများကို ရည်ရွယ်ချက်ရှိရှိ တစ်နည်း၊ ရည်ရွယ်ချက်မရှိဘဲ တစ်ဖုံ ပြုလုပ်လာခဲ့သည်ကို တွေ့ရသည်။

ယခု အစီရင်ခံစာသည် NLD အစိုးရလက်ထက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ၊ အစိုးရ၏ သက်တမ်းဝက်ဖြစ်သော ၂ နှစ်ခွဲ ကာလအတွင်း ဖြစ်ပျက်ခဲ့သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ဆိုင်သည့် ချိုးဖောက်ကျူးလွန်မှုများကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ဒီမိုကရေစီခရီးကို လျှောက်လှမ်းနေသော မြန်မာနိုင်ငံတွင် ပြည်သူတို့၏ အခြေခံရပိုင်ခွင့်ဖြစ်သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရရှိရေးသည် အလွန်အရေးကြီးလှသည်။ ထိုရပိုင်ခွင့်ကို ကာကွယ်မြှင့်တင်ရန် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ချိုးဖောက်ကျူးလွန်မှုများကို မှတ်တမ်းတင် စောင့်ကြည့် ထုတ်ဖော် ဝေဖန်ခြင်းသည် မဖြစ်မနေ လုပ်ဆောင်ရမည့် အလုပ်တစ်ခုအဖြစ် 'အသံ'အဖွဲ့က ယုံကြည်ပါသည်။

■

# အခန်း ၂
# လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်

**အပိုင်း ၁ - အရပ်သားအစိုးရ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ချိုးဖောက်မှုများ**

အရပ်သား အစိုးရ၏သက်တမ်း နှစ်နှစ်တာ ကာလအတွင်း ပေါ်ပေါက်ခဲ့သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ခံရမှုများအား ဖော်ပြပါ အခြေအနေများ အတိုင်း တွေ့ရှိရသည်။

**(က) ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ကို မပယ်ဖျက်ခဲ့ခြင်း**

အငြင်းပွားဖွယ် ဆက်သွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလတွင် စတင် ပြဋ္ဌာန်းခဲ့ပြီး ယခုအချိန်တွင် ဥပဒေသက်တမ်းမှာ ၅ နှစ်အထိ ရှိလာပြီ ဖြစ်သည်။ ယင်းဥပဒေသည် ၂၀၁၅ ခုနှစ်မှ စ၍ ယနေ့အချိန်ထိ နာမည်ဆိုးဖြင့် ကျော်ကြားလာခဲ့သည်လည်း ဖြစ်သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ မဲဆွယ်ကာလသည် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် ပလက်ဖောင်း (ဝါ) အွန်လိုင်း၌ နိုင်ငံရေးပါတီများ၏ ယှဉ်ပြိုင်မှုများ၊ တစ်ဖက်နှင့်တစ်ဖက် ထိုးနှက်မှုများကို အားကောင်းမောင်းသန် တွေ့ခဲ့ရသည့် ကာလလည်း ဖြစ်သည်။ သို့သော် ဆက်သွယ်ရေးဥပဒေသည် မိမိသဘောထားအမြင်ကို အွန်လိုင်းမှ တစ်ဆင့် ရေးသားထုတ်ဖော်ကြသည့် အင်တာနက်သုံးစွဲသူများအတွက် ခြိမ်းခြောက်မှု တစ်ခု ဖြစ်လာခဲ့သည်။

၂၀၁၅ ရွေးကောက်ပွဲကာလအတွင်း ပြည်သူတစ်ယောက်က အွန်လိုင်းတွင် တပ်မတော်အား ဝေဖန်ထားသည့် အကြောင်းအရာအပေါ် တပ်မတော်မှ တရားစွဲဆိုခဲ့

ခြင်းဖြင့် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုကြသည့် အဆိုးကျော့သံသရာ စတင်ခဲ့သည်။ ထိုအချိန်ကာလမှ စတင်၍ အွန်လိုင်းတွင် ဝေဖန်မှုများ၊ ထုတ်ဖော်ရေးသားမှုများအပေါ် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုသည် တစ်ဟုန်ထိုး မြင့်တက်လာခဲ့သည်။ အရပ်ဘက် အဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများက ဥပဒေပြင်ဆင်ရန်၊ သို့မဟုတ် ဖျက်သိမ်းရန် ကြိုးစားခဲ့ကြပြီးနောက် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် လွှတ်တော်၌ ဥပဒေကို ပြင်ဆင်ခဲ့သည်။ သို့သော် ဥပဒေပြင်ဆင်ချက်သည် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်အတိုင်း ပြင်ဆင်ခဲ့ခြင်းမဟုတ်ဘဲ အပေါ်ယံပြင်ဆင်ချက်များသာ ပြုလုပ်ခဲ့သည်။ ယခုအချိန်တွင် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုများမှ ၁၅၀ မှုအထိ ရှိလာခဲ့ပြီး ယခင်အစိုးရလက်ထက်တွင် ၁၁ မှု၊ လက်ရှိအစိုးရ လက်ထက်တွင် ဥပဒေ မပြင်ဆင်ရသေးမီ ၉၁ မှုနှင့် ဥပဒေပြင်ဆင်ပြီးနောက် တစ်နှစ်အတွင်း တရားစွဲဆိုမှုများမှာ ၄၈ မှု ရှိနေပြီ ဖြစ်သည်။

## ဥပဒေပြင်ဆင်ခြင်း

'ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ'အား ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး ထင်ရှားသည့် ပြင်ဆင်ချက်မှာ သုံးချက်ခန့်သာ ရှိသည်။ ယင်းဥပဒေပါ ပုဒ်မ ၆၆ (ဃ) ၏ ပြစ်မှုမြောက်စေသည့် အချက်များကို လျှော့ချခြင်း၊ ယင်းပုဒ်မပါပြစ်မှု၏ ပြစ်ဒဏ်ကိုလျှော့ချခြင်း၊ ကြားလူမှ တရားစွဲဆိုမှု မပြုနိုင်ရန် ထည့်သွင်းပြဋ္ဌာန်းခြင်းတို့ ဖြစ်သည်။ ယင်းဥပဒေပါ ပုဒ်မ ၆၆ (ဃ) တွင် ပါဝင်သည့် ပြစ်မှုများ လျှော့ချခဲ့သော်လည်း အသရေဖျက်မှုဆိုသည့် အချက်မှာ ပျက်ပြယ်သွားခြင်းမရှိဘဲ ဆက်လက် ပါဝင်နေသေးသည်ကို တွေ့ရှိရသည်။

## အသရေဖျက်ခြင်း

အသရေဖျက်ခြင်းအတွက်မူ ပြစ်မှုဆိုင်ရာ ရာဇသတ်ကြီးဥပဒေ အခန်း ၂၁၊ ပုဒ်မ ၅၀၀ တွင် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ပြဋ္ဌာန်းချက်များတည်ရှိပြီး ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သော သက်သေခံ အက်ဥပဒေအရလည်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ သို့မဟုတ် အဖွဲ့အစည်းကို ဂုဏ်သိက္ခာ ပျက်ယွင်းစေရန် အကြံအစည်ဖြင့် အွန်လိုင်းတွင် ဆောင်ရွက်ပါက အသရေဖျက်မှုဆိုင်ရာ ရာဇသတ်ကြီး ဥပဒေဖြင့် အရေးယူနိုင်သည်။ သို့သော် ဆက်သွယ်ရေးဥပဒေ၌ အသရေဖျက်မှုအား ထပ်မံပြဋ္ဌာန်းခြင်းသည် ဥပဒေအချင်းချင်း ပဋိပက္ခဖြစ်ပွားစေသည်။ ထို့အပြင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲဆိုပါက အဆင့်များပြားပြီး ရှုပ်ထွေးမှုများ ရှိသည်။ အမှုကျေအေးခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း ပြုပါကလည်း အဆင့်ဆင့် ဆောင်ရွက်ရသဖြင့် စွပ်စွဲခံရသူအတွက် နစ်နာမှုများ ရှိနေသည်။ 'အသံ'အဖွဲ့၏ စစ်တမ်းများအရ အမှုဖွင့်ဖြစ်စဉ်သည် တစ်နှစ်

နီးပါးအထိ ကြာမြင့်တတ်ပြီး၊ အမှုပိတ်သိမ်းပါကလည်း အနည်းဆုံး ၆ လခန့် ကြာမြင့်တတ်သည်။

**အမှုဖြစ်စဉ်လေ့လာချက် (Case Study)**

'အသံ'အဖွဲ့၏ တွေ့ရှိချက်များအရ ဒေါ်ခိုင် (အမည်လွှဲ) သည် ၂၀၁၆ ခုနှစ်တွင် ဖေ့စ်ဘွတ် လူမှုကွန်ရက်၌ ယောက်မဖြစ်သူ၏ သမီးနှင့် ချစ်သူတို့ ရိုက်ကူးထားသည့် စုံတွဲဓာတ်ပုံကို တင်ခဲ့ပြီး 'မကျီးချိုရွာက ဘယ်သူ့သမီးလေးလဲ၊ ကြည့်ပါဦး'ဟု မှတ်ချက်ပြု ရေးသားခဲ့ရာ ယောက်မ၏ အမှုဖွင့်တိုင်ကြားခြင်းကို ခံခဲ့ရသည်။ ရက်ပိုင်းအတွင်းပင် ယောက်မဖြစ်သူမှာ ကျေအေးပေးခဲ့သော်လည်း အမှုမှာ လပေါင်း ၃၀ ကြာသည်အထိ ပြီးပြတ်ခြင်းမရှိဘဲ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ အမှုရုပ်သိမ်းခွင့်ပြုသည့်စာကို စောင့်ဆိုင်းကာ ဒဂုံဆိပ်ကမ်းတရားရုံးတွင် အမှုရင်ဆိုင်နေရဆဲ ဖြစ်သည်။

**ကိုယ်စားတရားစွဲဆိုမှု**

ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်အရ ကြားလူမှ တရားစွဲဆိုခွင့်အား ပေးအပ်ထားခြင်းမရှိပေ။ သို့သော် ဥပဒေပြင်ဆင်ပြီး နောက်ပိုင်းတွင် ကြားလူမှ ကိုယ်စားတရားစွဲဆိုမှုမှာ ၆ မှု ရှိသည်ကို တွေ့ရှိရပါသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၈ တွင်မူ အသရေဖျက်မှု ပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုပါက ကြားလူ၊ သို့မဟုတ် မျက်မြင်သက်သေ၊ သို့မဟုတ် တတိယပုဂ္ဂိုလ်မှ တရားစွဲဆိုခွင့် မရှိဘဲ ခြွင်းချက်အနေဖြင့် နစ်နာသူသည် အသက် ၁၈ နှစ်အောက် ဖြစ်ခြင်း၊ စိတ်ပေါ့သွပ်နေခြင်း၊ မသန်စွမ်းခြင်းတို့ကြောင့် ကိုယ်တိုင် တိုင်ကြားရန် အခက်အခဲရှိမှသာ ကိုယ်စားတိုင်ကြား တရားစွဲဆိုနိုင်ရန် ခွင့်ပြုထားသည်။ သို့သော် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၈ တွင် အကျုံးဝင်ခြင်း မရှိသလို ယင်းဥပဒေပါ ပုဒ်မ ၈၀(ဂ) တွင်လည်း ဥပဒေအရ တရားဝင် ကိုယ်စားလွှဲအပ်ခြင်း မရှိဘဲ ကြားလူမှ တရားစွဲဆိုမှုကို ခိုင်ခိုင်မာမာ ကန့်သတ်ပြဋ္ဌာန်းထားသည်။ ဥပဒေပြင်ပြီးနောက်ပိုင်း ကိုယ်စား တရားစွဲဆိုထားသည့် ၆ မှုအနက် ၅ မှုမှာ ဥပဒေအရ တရားဝင် ကိုယ်စားလှယ်လွှဲအပ်မှု ပြုထားခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

**အမှုဖြစ်စဉ်လေ့လာချက် (Case Study)**

မြောင်းမြမြို့မှ ကိုကောင်းထက်ဇင်သည် 'ဒေသအတွင်းသို့ လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းစစ်ဆေးစဉ် အခြေခံပညာရေး ကျောင်းသားများက သွားရောက်ကြိုဆိုနေရသည်ကို' ဝေဖန် ရေးသားခဲ့သည့်အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်ရုံးမှ ဝန်ထမ်းတစ်ဦး၏ တရားစွဲဆိုခြင်းကို ခံခဲ့ရသည်။

## ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုသည့် အမှုအမျိုးအစားများ

ပြည်သူတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် အမှန်တကယ် အတားအဆီး ဖြစ်စေမှု ရှိ/မရှိကို အကဲဖြတ် လေ့လာနိုင်ရန်နှင့် အွန်လိုင်းပေါ်မှ မည်ကဲ့သို့သော အကြောင်းအရာများကို ယင်းဥပဒေဖြင့် တရားစွဲဆိုလေ့ရှိသည်ကို လေ့လာနိုင်ရန် အတွက် တရားစွဲဆိုမှုများကို အုပ်စုများ ခွဲခြား၍ လေ့လာခဲ့သည်။

အုပ်စုအမျိုးအစား ခွဲခြားလေ့လာခဲ့ရာတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို တားမြစ်ကန့်သတ်ပြီး အရေးယူခဲ့ခြင်းသည် ရာခိုင်နှုန်း အများဆုံးဖြစ်ကြောင်း တွေ့ရသည်။

| လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အရ ရေးသားမှုများ | ဆိုက်ဘာရာဇဝတ်မှု ဥပဒေဖြင့် တားမြစ်ရမည့် အပြုအမူများ |
|---|---|
| • နိုင်ငံရေး ဝေဖန်မှုများ<br>• သတင်းရေးသား ထုတ်ဖော်ခြင်း<br>• အလုပ်သမား/ မြေယာပြဿနာများအား ဖော်ထုတ်ခြင်း<br>• ဥပဒေမဲ့ လုပ်ရပ်များကို ဖော်ထုတ်ခြင်း<br>• လူပုဂ္ဂိုလ်/ အဖွဲ့အစည်းအား ဝေဖန်ခြင်း<br>• စီးပွားရေးလုပ်ငန်းများကို ဆန့်ကျင် ရေးသားမှုများ | • အွန်လိုင်းမှတစ်ဆင့် နှောင့်ယှက်ခြင်း<br>• မူပိုင်ခွင့် ချိုးဖောက်ခြင်း<br>• လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း<br>• သတင်းမှား ဖြန့်ဝေခြင်း<br>• အီလက်ထရောနစ်ဆိုင်ရာ<br>• ခိုးယူနှောင့်ယှက်ခြင်း<br>• ခြောက်လှန့် ငွေညှစ်တောင်းယူခြင်း<br>• အန္တရာယ်ရှိသော အမုန်းစကားများ<br>• ဖြန့်ဝေခြင်း<br>• ခြိမ်းခြောက်ခြင်း |

| လူမှုရေးပြဿနာများ | အခြား |
|---|---|
| • လူမှုရေးပြဿနာများ | • မသိရ<br>• အခြား |




ဥပဒေပြင်ဆင်ပြီးနောက်ပိုင်း ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုများအား အုပ်စုအလိုက် လေ့လာခြင်း




ဥပဒေပြင်ဆင်ပြီးနောက်ပိုင်း ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုများအား အမျိုးအစားအလိုက် ရာခိုင်နှုန်းဖြင့် ဖော်ပြချက်

အရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း သာမန်ပြည်သူများသည်လည်း လူမှုရေးပြဿနာများတွင် ၆၆(ဃ) ဟု လူသိများသည့် ဆက်သွယ်ရေးဥပဒေဖြင့် လူပုဂ္ဂိုလ်အချင်းချင်း တရားစွဲဆိုကြသည်ကို တွေ့ရသည်။ ထင်ရှားသူများ၊ နိုင်ငံရေးသြဇာ ရှိသူများက ၎င်းတို့အား ဝေဖန်သူများကို ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုရာမှ လူ့အဖွဲ့အစည်းအတွင်း ပျံ့နှံ့ကာ ဆက်သွယ်ရေးဥပဒေသည် လူကြိုက်များသည့် ဆေးခါးကြီး ဖြစ်လာသည်ဟု သုံးသပ်မိပါသည်။




ဥပဒေပြင်ပြီးနောက်ပိုင်း ဒေသအလိုက် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုများ

## (ခ) နိုင်ငံသားတို့၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို အမှန်တကယ် အကာအကွယ်မပေးနိုင်သည့် ဥပဒေ

နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကို စတင် တင်သွင်းခဲ့ပြီး ၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး အတည်ပြု ထုတ်ပြန်ခဲ့ပါသည်။ ယင်းဥပဒေ၏ ရည်ရွယ်ချက်မှာ ကောင်းမွန်သော်လည်း ပြဋ္ဌာန်းရာတွင် အလျင်လိုခဲ့ခြင်း၊ ဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ကျယ်ပြန့် ဝေဝါးလွန်းခြင်း၊ ရှေ့နောက်မလျော်ညီခြင်းနှင့် အရပ်ဘက် အဖွဲ့အစည်းများ၏ အကြံပြုချက်များအပေါ် လျစ်လျူရှုခဲ့ခြင်းများကြောင့် ဥပဒေမှာ အားနည်းချက် များစွာကို ကြုံတွေ့လာရသည်။ ယင်းဥပဒေ အခန်း ၄၊ ပုဒ်မ ၈(စ)တွင် '... လူတစ်ဦး၏ ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုကို ပုတ်ခတ်ခြင်း၊ သို့မဟုတ် ထိခိုက်စေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း မပြုရ'ဟု ဖော်ပြထားသည်။ အဆိုပါ ဖော်ပြချက်သည် ကျယ်ပြန့်ဝေဝါးပြီး ရာဇသတ်ကြီးဥပဒေတွင် ပါရှိပြီးသားဖြစ်သော အသရေဖျက်ခြင်း ပုဒ်မ ၅၀၀ နှင့် သဘောသဘာဝချင်း တူညီနေသည်။ အဆိုးဆုံးမှာ ပုဒ်မ ၈ ပါ တားမြစ်ချက်များကို ချိုးဖောက်ပါက ပုဒ်မ ၁၀ အရ ထောင်ဒဏ်ခြောက်လမှ သုံးနှစ်အထိ ကျခံရနိုင်သည်ဟု ဖော်ပြထားရာ အသရေဖျက်မှုကို ရာဇဝတ်မှုတစ်ခုသဖွယ် အပြစ်ဒဏ် ချမှတ်ထားသည်ကို တွေ့ရှိရသည်။ ဥပဒေကို ရေးဆွဲခဲ့သော ရည်ရွယ်ချက်ဖြစ်သည့် နောက်ယောင်ခံလိုက်ခြင်း၊ ကြားဖြတ်နားထောင်ခြင်းများကို ကာကွယ်ရန်ဟူသော အချက်များသည်လည်း လက်ရှိအချိန်ထိ အကျုံးဝင်နေခြင်းမရှိဘဲ တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံရေးသမား များအပေါ် နောက်ယောင်ခံလိုက်ခြင်း၊ စုံစမ်း ထောက်လှမ်းခြင်းတို့ကို သတင်းရဲတပ်ဖွဲ့ (SB) များက ယခင်ကဲ့သို့ပင် ပြုလုပ်နေဆဲ ဖြစ်သည်ကို တွေ့ရှိရသည်။ အစိုးရ၊ လွှတ်တော်၊ တရားရေး၊ ဌာနဆိုင်ရာ စသည်များကို ပြည်သူတစ်ယောက်မှ ဝေဖန်ခြင်းသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးခြင်းပင် ဖြစ်သည်။ ဥပဒေတစ်ရပ်ရပ်အား အသုံးချပြီး နိုင်ငံရေး ဝေဖန်ပြောဆိုမှုများကို တားဆီးပိတ်ပင်ခြင်း၊ ဝေဖန်သူ များကိုအရေးယူခြင်း စသည့် ပုံစံများသည် နိုင်ငံရေး ဖိနှိပ်မှုပုံစံတစ်မျိုးဖြစ်ပြီး ပြည်သူများ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ခြင်းဖြစ်သည်ဟု 'အသံ'အဖွဲ့မှ ယုံကြည်သည်။

အောက်ဖော်ပြပါ အမှုလေ့လာချက်ကို ကြည့်ခြင်းအားဖြင့် ဥပဒေကို ရေးဆွဲသည့် ရည်ရွယ်ချက် ကောင်းမွန်သော်လည်း ရေးဆွဲရာတွင် အားနည်းချက်များ ရှိနေသည့်အတွက် အစိုးရအပေါ် ဝေဖန်သူများကို ဖိနှိပ်နိုင်သည့် လက်နက်တစ်ခုအဖြစ် အသုံးချလာနိုင်ကြောင်း မီးမောင်းထိုး ဖော်ပြနေသည်။

## အမှုဖြစ်စဉ်လေ့လာချက် (Case Study)

သထုံမြို့မှ ဦးအောင်ကိုကိုလွင်သည် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေပါ ပုဒ်မ ၈ (စ) ဖြင့် တိုင်ကြားခံခဲ့ရသည်။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် အထက်ပါ ဥပဒေပါ ပုဒ်မ ၁၀ ဖြင့် တရားစွဲဆိုခြင်းခံခဲ့ရပြီး ဇွန်လ ၈ ရက်နေ့တွင် အာမခံမရရှိဘဲ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ အမှုကို ၄ လနီးပါး စစ်ဆေးပြီး စက်တင်ဘာလ ၂၇ ရက်နေ့တွင် တရားရုံးက ဦးအောင်ကိုကိုလွင်ကို ထောင်ဒဏ် ၁ နှစ် ချမှတ်ခဲ့ပါသည်။ ဦးအောင်ကိုကိုလွင် တရားစွဲဆိုခံခဲ့ရသော အကြောင်းအရင်းမှာ အွန်လိုင်းတွင် ရေပန်းစားခဲ့သည့် ဝန်ကြီးချုပ်တစ်ဦး၏ 'ဟင်းတစ်မျိုး လျှော့စား' ဟူသော မိန့်ခွန်း ဗီဒီယိုဖိုင်နှင့် ပတ်သက်နေခဲ့သည်။ မွန်ပြည်နယ် အစိုးရအဖွဲ့၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ပါဝင်သည့် လူထုတွေ့ဆုံပွဲ တစ်ခုကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် သထုံမြို့နယ်၌ ပြုလုပ်ခဲ့သည်။ အဆိုပါ လူထုတွေ့ဆုံပွဲ အပြီးတွင် ဦးအောင်ကိုကိုလွင်မှ ဝန်ကြီးချုပ်၏ ပြောစကားများ ဗီဒီယိုဖိုင်ကို ဖေ့စ်ဘွတ် လူမှုကွန်ရက်တွင် လွှင့်တင်ခဲ့သည်။ အဆိုပါ ဗီဒီယိုဖိုင် လွှင့်တင်မှုကို အကြောင်းပြု၍ မွန်ပြည်နယ်လွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီဝင်တစ်ဦးက ဦးအောင်ကိုကိုလွင်အား အထက်ပါဥပဒေ ပုဒ်မဖြင့် အမှုဖွင့် တိုင်ကြားခဲ့သည်။ အမှန်တကယ် အမှုဖွင့် တိုင်ကြားရာတွင် ဗီဒီယိုဖိုင်လွှင့်တင်သည့် ကိစ္စတစ်ခုတည်းအတွက်သာ မဟုတ်ဘဲ ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စည်ပင်ဌာန၊ အစိုးရအဖွဲ့ စသည်တို့ကို အွန်လိုင်းတွင် ဝေဖန်ခဲ့ခြင်းများကြောင့်ဟု သိရသည်။

အမှုဖွင့်တိုင်ကြားသည့် သက်သေခံ စာရွက်စာတမ်းများတွင် ဦးအောင်ကိုကိုလွင်မှ အစိုးရ၊ ဌာနဆိုင်ရာနှင့် လွှတ်တော်များကို လူမှုကွန်ရက်မှတစ်ဆင့် ဝေဖန်ထားသည့် Screenshot များစွာ ပါဝင်ခဲ့သည်။ အဆိုပါ Screenshot များတွင် ပါဝင်သော အကြောင်းအရာများမှာ သထုံမြို့၏ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးလျှပ်စစ်မီးရရှိရေး ကိစ္စရပ်များတွင် အစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်တို့ကို ဝေဖန်ရေးသားမှုများ၊ နိုင်ငံရေး ဝေဖန်ပြောဆိုမှုများ ဖြစ်ပါသည်။ ဦးအောင်ကိုကိုလွင်အား တရားစွဲဆိုခဲ့သည့် ဖြစ်စဉ်ကဲ့သို့ နိုင်ငံရေး ဝေဖန်ပြောဆိုမှုများအပေါ် ယခုဥပဒေနှင့် တရားစွဲဆိုခြင်းသည် ဥပဒေ၏အားနည်းချက်များကို အသုံးချပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို တားဆီးကန့်သတ်ခြင်း ဖြစ်သည်။

### ၁။ တရားစွဲဆိုရမည့် ဥပဒေကို မည်သို့ ရွေးချယ်သနည်း။

ယခုဖြစ်စဉ်အပေါ် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေဖြင့် တရားစွဲဆိုရန် မည်ကဲ့သို့ ဆုံးဖြတ် သတ်မှတ်

သနည်းဆိုသည်မှာ မေးခွန်းထုတ်စရာ ဖြစ်သည်။ အသရေဖျက်မှု ရှုထောင့်ဖြင့် စဉ်းစားပါက ယင်းဥပဒေ ပုဒ်မ ၈ (စ) သည် အသရေဖျက်မှုဆိုင်ရာ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၀ နှင့် သဘောသဘာဝချင်း ဆင်တူသော်လည်း အသရေဖျက်မှုဆိုင်ရာ ရာဇသတ်ကြီး ဥပဒေဖြင့် တရားစွဲဆိုခြင်း မပြုသည်ကို တွေ့ရှိရသည်။

### ၂။ တရားလိုပြုလုပ် တရားစွဲဆိုသည့်ပုဂ္ဂိုလ်။

သက်သေအဖြစ် ပူးတွဲတင်ပြထားသည့် Screenshot တွင်ပါဝင်သော ဦးအောင်ကိုကိုလွင် အဓိက ဝေဖန်ပြောဆိုထားသည့်သူများမှာ ပြည်နယ်ဝန်ကြီးချုပ် တစ်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတို့ ဖြစ်ကြသည်။ သို့ရာတွင် အဆိုပါ ပုဂ္ဂိုလ် နှစ်ဦးသည် တရားလိုအဖြစ် တိုင်ကြားမှုပြုထားခြင်း မဟုတ်သလို သက်သေအဖြစ် ပါဝင်ထွက်ဆိုခြင်းလည်း မရှိသည်ကို ၁၂ ကြိမ်မြောက် ရုံးချိန်းအထိ တွေ့ရှိရသည်။ တိုင်ကြားသူမှာလည်း အထက်ပါပုဂ္ဂိုလ် နှစ်ဦး၏ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့် တင်ပြတိုင်ကြားခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

### ၃။ ကြားလူမှ တရားစွဲဆိုခွင့် ရှိခြင်း/မရှိခြင်း အခြေအနေ။

နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေဖြင့် တရားစွဲဆိုမှုပြုပါက ကြားလူမှ တရားစွဲဆို၍ ရနိုင်ခြင်း ရှိ/မရှိကို ယင်းဥပဒေတွင် ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ 'ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၈ တွင်မူ ပြစ်မှုဆိုင်ရာဥပဒေ အခန်း ၁၉ ပါ ပုဒ်မများ၊ အခန်း ၂၁ ပါ ပုဒ်မများနှင့် ယင်းဥပဒေ၏ ပုဒ်မ ၄၉၃ မှ ၄၉၆ တို့တွင် အကျုံးဝင်သည့် ပြစ်မှုတစ်ရပ်ကို အဆိုပါ ပြစ်မှုအရ နစ်နာခြင်းခံရသူက တိုင်တန်းချက်အရ မဟုတ်လျှင် မည်သည့် တရားရုံးကမျှ အရေးမယူရ'ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် အလွယ်အားဖြင့် သုံးသပ်ဖော်ပြရလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ အသေရေဖျက်မှုဆိုင်ရာ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၀ ဖြင့် တရားစွဲ ဆိုပါက ကြားလူ၊ သို့မဟုတ် မျက်မြင်သက်သေ၊ သို့မဟုတ် တတိယပုဂ္ဂိုလ်က တရားစွဲဆိုပိုင်ခွင့် မရှိသည်ကို တွေ့ရှိရပါသည်။ သို့သော် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေနှင့် တရားစွဲဆိုပါက ကြားလူမှ တရားစွဲဆိုနိုင်ခြင်း ရှိ/မရှိကို တိကျစွာ ဖော်ပြမထားခြင်းသည် ဥပဒေ၏ အားနည်းချက်တစ်ခု ဖြစ်သည်။

### (ဂ) သံချပ်စာသားများ ခွင့်ပြုချက်တင်ရန် ရန်ကုန်တိုင်းအစိုးရက ထုတ်ပြန်ခဲ့ခြင်း

သင်္ကြန်တွင်း ဖျော်ဖြေမည့် သီချင်းနှင့် သံချပ်များကို ကြိုတင်စိစစ်နိုင်ရန် ခွင့်ပြုချက် တင်ရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ကုန် မဟာသင်္ကြန်

သီချင်း၊ သံချပ်စိစစ်ကြပ်မတ်ရေး လုပ်ငန်းကော်မတီက ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ကြေညာချက်တွင် 'ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိခိုက်မှု မရှိစေရန်နှင့် ဘာသာရေး၊ လူမျိုးရေး ထိခိုက်စေသည့် အသုံးအနှုန်းများ မပါဝင်စေရေးနှင့် နိုင်ငံတော်၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့်သဘောမျိုး မပါရှိစေရေး၊ ရိုင်းပျသည့် အသုံးအနှုန်း၊ ဟန်ပန်အမူအရာများ မပါရှိစေရေး' စသည့် အချက်တို့ကို ခွင့်ပြုမည် မဟုတ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ထိုကဲ့သို့ ကန့်သတ်မှုများ၊ ဆင်ဆာများကို ဦးသိန်းစိန် အစိုးရ လက်ထက်ကတည်းက စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော အစိုးရကာလအထိတိုင် သံချပ်စာသားများ ခွင့်ပြုမိန့်တင်ရန် ညွှန်ကြားနေဆဲ ဖြစ်သည်။

## (ဃ) လူမှုကွန်ရက်သုံးစွဲမှုများကို အစိုးရက စောင့်ကြည့်ထိန်းကျောင်းခြင်း

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ဂန့်ဂေါမြို့နယ် ပြည်သူ့ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၏ 'လူငယ်လူရွယ်များ အကျင့်စာရိတ္တ ပျက်ပြားခြင်း၊ ရပ်ရွာ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေခြင်းတို့ကြောင့် IT နည်းပညာ အလွဲသုံးစွဲမှုကို လိုအပ်သလို စောင့်ကြည့် ထိန်းကျောင်းနိုင်ရန် (Monitoring) ပြုလုပ်နိုင်ရန် အစိုးရအား တိုက်တွန်းကြောင်း' အဆိုကို ဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် အတည်ပြုခဲ့သည်။ ယင်း လွှတ်တော်အစည်းအဝေးတွင် Facebook အပါအဝင် လူမှုကွန်ရက် စာမျက်နှာများတွင် သတင်းအမှားများ တင်ပြခြင်း၊ အမုန်းစကားများ၊ ဘာသာရေး လူမျိုးရေး လှုံ့ဆော်မှုများကို အဖွဲ့တစ်ခု ဖွဲ့စည်း၍ ဥပဒေနှင့်အညီ စောင့်ကြည့် ထိန်းကျောင်းသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောကြားခဲ့သည်။

ထို့ပြင် ၂၀၁၈ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ အင်တာနက်၊ သို့မဟုတ် ဆိုရှယ်မီဒီယာ အသုံးပြုပြီး နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို ထိခိုက်နစ်နာစေရန် ပြုလုပ်နေသူများအား ရှာဖွေဖော်ထုတ်နိုင်ရေး ကျပ်သန်း ၆,၄၀၀ ကျော် သုံးစွဲထားကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောကြားခဲ့သည်။

## (င) ပညာရေးဆွေးနွေးပွဲ ဦးဆောင်ကျင်းပသော ကျောင်းသားအား အရေးယူခြင်း

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်၌ ကျင်းပပြုလုပ်ခဲ့သော ပညာရေးဆွေးနွေးပွဲအား ခွင့်ပြုချက်မရှိဘဲ ကျင်းပသည်ဟု ဆိုကာ ဦးဆောင်သူ ကိုသူရလင်းအား ရပ်/ကျေး အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၆ ဖြင့် တရားစွဲဆို

ခဲ့သည်။ ကိုသူရလင်းသည် ဘိုကလေးမြို့နယ်၊ အခြေခံပညာကျောင်းသားများ သမဂ္ဂ (အကသ) အဖွဲ့ဝင် ကျောင်းသားတစ်ဦးဖြစ်ပြီး ပညာရေး ဆွေးနွေးပွဲကျင်းပရန် ကြိုတင် ခွင့်ပြုချက် တောင်းခံခဲ့သော်လည်း သက်ဆိုင်ရာက ခွင့်ပြုချက်မပေးခဲ့ပေ။ ကိုသူရလင်း အား ဘိုကလေးမြို့နယ်၊ အမှတ် ၄ ရပ်ကွက် အုပ်ချုပ်ရေးမှူးက ဖေဖော်ဝါရီလအတွင်း တရားစွဲဆိုခဲ့ပြီး တရားရုံးမှ မတ်လ ၁၃ ရက်နေ့တွင် ဖမ်းဝရမ်းထုတ် ဖမ်းဆီးရန် ညွှန် ကြားချက် ထုတ်ပြန်ခဲ့သည်။

## (စ) ကရင်နီပြည်သူများအပေါ် ကယားပြည်နယ်အစိုးရ၏ တရားစွဲဆိုထားမှုများ

၂၀၁၈ ခုနှစ်၊ နှစ်ဦးပိုင်းကာလမှ စတင်ကာ ကယားပြည်နယ် အစိုးရအဖွဲ့က လွိုင်ကော်မြို့နယ်၊ ကန္တာဟောဝန်ပန်းခြံတွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် စိုက်ထူခြင်း ကို ပြည်သူ့ဆန္ဒ သဘောထား တောင်းခံခြင်းမရှိဘဲ ပြုလုပ်ရန် ကြိုးစားခဲ့သည်။ ၂၀၁၈ ခုနှစ်၊ မေလတွင် ကန္တာဟောဝန်ပန်းခြံ၌ ကြေးရုပ်ထားရှိရန် အောက်ခံ အုတ်ခုံကို စတင် ပြုလုပ်ခဲ့ရာမှ ကယားပြည်နယ်ရှိ ကရင်နီပြည်လူငယ်ထု၏ ကန့်ကွက်မှုများကို တွေ့ကြုံ လာခဲ့ခြင်း ဖြစ်သည်။

### ကန့်ကွက်ရသည့် အကြောင်းအရင်း

ဗိုလ်ချုပ်ကြေးရုပ် စိုက်ထူခြင်းကို ကရင်နီပြည် လူငယ်ထုများက ကန့်ကွက် ရသည့်အကြောင်းအရင်းမှာ ...

၁။ ၁၈၇၅ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် ဗမာ ကိုယ်စားလှယ် ကင်းဝန်မင်းကြီး ဦးကောင်းနှင့် အင်္ဂလိပ် အစိုးရဘက်မှ ကိုယ်စားလှယ် ဆာဒေါက်ကလပ်ဖောဆစ် တို့ လက်မှတ်ရေးထိုးခဲ့သည့် မှတ်တမ်းများအရ ကရင်နီ (ကယား)ပြည်နယ် ဟူ၍ ယခင်ကတည်းက သီးခြားလွတ်လပ်စွာ တည်ရှိနေခြင်း၊

၂။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်တွင် လည်း ကရင်နီပြည်နယ်အနေဖြင့် ပါဝင်ခဲ့မှုမရှိခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် ကရင်နီပြည်နယ်ကို ပြည်မနှင့် လွတ်လပ်ရေး အတူတကွ ယူရန် လာရောက် စည်းရုံးခြင်းအတွက် ၁၉၄၆ ခုနှစ်တွင် တစ်ကြိမ်သာ ရောက်ရှိခဲ့ပြီး ကရင်နီ ပြည်နယ်သည်လည်း ဗမာပြည်မနှင့် သက်ဆိုင်မှုမရှိခြင်း၊

၃။ ဗမာပြည်မနှင့် ပေါင်းသင့်/မပေါင်းသင့်ဆိုသော ပြဿနာကြောင့် ကရင်နီ လက် နက်ကိုင် တော်လှန်ရေးများ ဖြစ်ပေါ်ခဲ့ပြီး ကရင်နီ အမျိုးသားများနှင့် ခေါင်းဆောင် များကြား သဘောထားကွဲလွဲကာ ယနေ့ထိ ပြည်တွင်းစစ် ဖြစ်နေခြင်း၊

၄။ ကယား(ကရင်နီ) ပြည်နယ်၏ နိုင်ငံရေးနှင့် အမျိုးသားရေးဆိုင်ရာ ရည်မှန်းချက် များ မရရှိသေးခြင်း၊ ဗိုလ်ချုပ် ပြောကြားခဲ့သည့် တန်းတူညီမျှခွင့်၊ ကိုယ်ပိုင်

ပြဋ္ဌာန်းခွင့်နှင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် စသည်တို့ကို ယနေ့အချိန်ထိ ဦးစားပေး ဆောင်ရွက်မှုမရှိခြင်း၊

၅။ လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်သည်လည်း ရေရာမှုမရှိသေးဘဲ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ကို ကယား (ကရင်နီ) ပြည်နယ်တွင် လာရောက် ထားရှိသည့်အတွက် လူမျိုးကြီးဝါဒကို ပိုမိုပေါ်လွင်အောင် လုပ်ဆောင်သကဲ့သို့ ဖြစ်နေခြင်းနှင့် တိုင်းရင်းသားများကြား သွေးကွဲမှုများ ဖြစ်ပေါ်လာနိုင်ခြင်း

တို့ကြောင့် အများပြည်သူနေရာတွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် တည်ထားခြင်းကို ကရင်နီပြည်နယ်၏ သမိုင်းအစဉ်အလာ၊ အမျိုးသားရေးနှင့် နိုင်ငံရေးအရ ကန့်ကွက်ခဲ့ကြခြင်းဖြစ်ကြောင်း ကရင်နီပြည် လူထုအသင်းအဖွဲ့များ၏ ကယားပြည်နယ် အစိုးရအဖွဲ့ထံ ပေးပို့ခဲ့သည့် အိတ်ဖွင့်ပေးစာတွင် ဖော်ပြထားသည်။

## ကန့်ကွက်ဆန္ဒပြမှုများ ပေါ်ပေါက်ခြင်း

ကရင်နီပြည် လူငယ်များသမဂ္ဂ (UKSY)၊ ကရင်နီပြည် တောင်သူလယ်သမားသမဂ္ဂ (KSFU)၊ ကယော လူငယ်၊ ကယား လီဖူးလူငယ်၊ ကော်ယော် (မနူမနော) လူငယ်၊ ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (လူငယ်)နှင့် မျိုးဆက်သစ် ကရင်လူငယ် (ကရင်နီပြည်) တို့က ဦးဆောင်၍ ၂၀၁၈ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် ကယားပြည်နယ် အစိုးရအဖွဲ့ထံ ဗိုလ်ချုပ်ကြေးရုပ် စိုက်ထူခြင်းကို ကန့်ကွက်ကြောင်း အိတ်ဖွင့်ပေးစာ ပေးပို့ခဲ့ကြသည်။ ထိုအိတ်ဖွင့်ပေးစာနှင့် ပတ်သက်၍ ကယားပြည်နယ် အစိုးရအဖွဲ့ဘက်မှ မည်သည့်အကြောင်း ပြန်ကြားမှုမှ မရရှိသဖြင့် ဇွန်လ ၂၆ ရက်နေ့တွင် 'ကရင်နီပြည်၏ နောက်ခံသမိုင်းနှင့် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ် စိုက်ထူခြင်းကို ကန့်ကွက်ကြောင်း ပြည်သူများသို့ အသိပေးချက်' စာရွက်များကို လွိုင်ကော်၊ ဒီမော့ဆို၊ ဖရူဆို၊ ဘော်လခဲ၊ ဖားဆောင်းနှင့် မယ်စဲ့တို့တွင် ဖြန့်ဝေခဲ့ကြသည်။ ထို့အပြင် ကရင်နီပြည် လူထုအဖွဲ့အစည်းများက ဦးဆောင်၍ သက်ဆိုင်ရာသို့ အကြောင်းကြားစာ ပေးပို့ကာ ဇူလိုင်လ ၃ ရက်နေ့တွင် လွိုင်ကော်မြို့နယ်၌ ချီတက်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ထိုဆန္ဒပြပွဲကို ရဲတပ်ဖွဲ့က အကြမ်းဖက် ဖြိုခွင်းခဲ့ပြီး ရဲစခန်းသို့ အကြောင်းကြားစာ ၄၈ နာရီအတွင်း ပေးပို့နိုင်ခဲ့ခြင်း မရှိဟုဆိုကာ ဦးဆောင်ပါဝင်သူ လူငယ် ၁၆ ဦးကို ငြိမ်းစုစီဥပဒေ ပုဒ်မ ၁၉၊ ၂၀ တို့ဖြင့် လွိုင်ကော်မြို့နယ် တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ ထို့ပြင် အဆိုးဆုံးအချက်မှာ ကယားပြည်နယ် အစိုးရ အဖွဲ့က ကရင်နီလူငယ် ၁၅ ဦးကို ကရင်နီ သမိုင်းကြောင်းနှင့် ဗိုလ်ချုပ်ကြေးရုပ် ကန့်ကွက်စာ ဖြန့်ဝေခဲ့မှုအတွက် ၅၀၅ (ခ)၊ ၅၀၅ (ဂ) တို့ဖြင့် စာရွက်ဝေခဲ့သည့် မြို့နယ်အသီးသီးတွင် ဇူလိုင်လ ၂ ရက်နေ့မှ စတင်ကာ တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ကရင်နီသမိုင်းကြောင်း နှင့် ဗိုလ်ချုပ်ကြေးရုပ် ကန့်ကွက်စာ ဖြန့်ဝေခဲ့သည့် ကရင်နီလူငယ် ၁၅ ဦးကို

ကယားပြည်နယ် အစိုးရအဖွဲ့က မြို့နယ်အသီးသီးတွင် ဇူလိုင်လ ၂ ရက်နေ့မှ စတင်ကာ ၅၀၅(ခ) ဖြင့် တရားစွဲဆိုခဲ့သည်။ အဆိုးဆုံးအချက်မှာ လွိုင်ကော်မြို့နယ်တွင် ပုဒ်မ ၅၀၅ (ခ) အပြင် ၅၀၅ (ဂ) ကိုပါ ထည့်သွင်းတရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ယခင်အစိုးရ လက်ထက်တွင် ဆန္ဒပြသူများကို တရားစွဲဆိုရာ၌ ပုဒ်မ ၅၀၅ (ခ) ကိုသာ အသုံးပြုခဲ့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော အစိုးရလက်ထက်တွင်မှ ဆန္ဒပြမှုများကို ပိုမိုဖိနှိပ်ရန် ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)အပြင် ၅၀၅ (ဂ) ကိုပါ သုံးစွဲလာသည်ကို တွေ့ရှိရပါသည်။

## (ဆ) ဆွေးနွေးပွဲ/ဆုတောင်းပွဲများနှင့် ကဗျာရွတ်ဆိုပွဲများပါ ပိတ်ပင်တရားစွဲဆိုမှုများ ရှိလာခြင်း

### ၁။ တကျော့ပြန် ကချင်ဒေသစစ်ပွဲ ၇ နှစ်ပြည့် ဆုတောင်းခြင်းပွဲ ပြုလုပ်သူကို တရားစွဲခဲ့ခြင်း

၂၀၁၈ ခုနှစ်၊ ဇွန်လ ၉ ရက်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မနောကွင်း၌ ပြုလုပ်သော တစ်ကျော့ပြန် ကချင်ဒေသစစ်ပွဲ ၇ နှစ်ပြည့် ဆုတောင်းခြင်း အခမ်းအနားကို ခွင့်ပြုချိန်ထက် နောက်ကျပြီးမှ ပြုလုပ်ခြင်း၊ တားမြစ်ထားသော စစ်ရှောင်လူငယ်များ၏ သရုပ်ဖော်ပြဇာတ် ပြုလုပ်ခြင်းတို့ကြောင့်ဟုဆိုကာ မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူးက အခမ်းအနားဖြစ်မြောက်ရေး တာဝန်ခံ ယိန်းကယမ်းကို ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၂၀ ဖြင့် တရားစွဲခဲ့သည်။ ဆုတောင်းပွဲ အခမ်းအနားပြုလုပ်မည့်အချိန်ကို ရဲတပ်ဖွဲ့ထံ အကြောင်းကြားစဉ်က မနက် ၈ နာရီမှ နေ့လယ် ၁၂ နာရီအထိ သတ်မှတ်ထားသော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် အနည်းငယ်နောက်ကျမှ ပြုလုပ်ခဲ့ရပြီး နေ့လယ် ၁၂ နာရီ ၅၀ မိနစ်မှ အခမ်းအနား ပြီးဆုံးခဲ့ကြောင်း သိရသည်။

### ၂။ တစ်ကျော့ပြန် ကချင်ဒေသစစ်ပွဲ ၇ နှစ်ပြည့်အခမ်းအနား တားမြစ်ခံရခြင်း

၂၀၁၈ ခုနှစ်၊ ဇွန်လ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဒိုင်းမွန်းကွန်ဒို၌ ရန်ကုန်ရောက် ကချင်လူငယ်များ ဦးဆောင်ပြုလုပ်မည့် တစ်ကျော့ပြန် ကချင်ဒေသစစ်ပွဲ ၇ နှစ်ပြည့် အခမ်းအနားကို အာဏာပိုင်များက ဖိအားအမျိုးမျိုး သုံးကာ တားဆီးပိတ်ပင်သောကြောင့် အခမ်းအနားပြုလုပ်မည့် အစီအစဉ်ကို ဖျက်သိမ်းခဲ့ရသည်။

### ၃။ ကျောင်းသားနှင့် နိုင်ငံရေး ဆွေးနွေးပွဲ တားမြစ်ခံရခြင်း

၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တက္ကသိုလ်၊

စစ်ကိုင်းလမ်း၊ ဆရာများသမဂ္ဂ ရုံးခန်းရှေ့၌ 'ကျောင်းသားနှင့် နိုင်ငံရေး' ခေါင်းစဉ်ဖြင့် ပြုလုပ်မည့် ဆွေးနွေးပွဲကို ရန်ကုန်တက္ကသိုလ်မှ တာဝန်ရှိသူများက တားမြစ်ပိတ်ပင်ခဲ့သည်။ ထိုဟောပြောပွဲတွင် နိုင်ငံလုံးဆိုင်ရာ ပညာရေးပြုပြင်ပြောင်းလဲမှု ကွန်ရက် (NNER) မှ ဒေါက်တာသိန်းလွင်နှင့် တောင်ကုတ်တက္ကသိုလ်၊ အရှေ့တိုင်းပညာဌာနမှ ဒေါက်တာ အာကာမိုးသူတို့ ဆွေးနွေးရန် စီစဉ်ထားသည်။

## ၄။ ကရင်အာဇာနည်နေ့ ဦးဆောင်ကျင်းပသူများကို အရေးယူခြင်း

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၌ ကျင်းပခဲ့သော ၆၈ နှစ် မြောက် ကရင်အာဇာနည်နေ့ အခမ်းအနားကို ခွင့်ပြုချက်မရှိဘဲ ကျင်းပသည်ဟုဆိုကာ ကရင်အမျိုးသား အစည်းအရုံး (KNU) ဗဟိုကော်မတီဝင် ဖဒိုမန်းငြိမ်းမောင်နှင့် အခမ်းအနားစီစဉ်သူ ဒေသခံ ၅ ဦးတို့အား ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၆ ဖြင့် အရေးယူမည်ဖြစ်ကြောင်း ဟသ်ာတခရိုင် ဒုတိယအုပ်ချုပ်ရေးမှူးက လာရောက်တားဆီးခဲ့သည်။ 'ကရင် အာဇာနည်နေ့သည် ၁၉၅၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျဆုံးခဲ့သည့် ကရင် အမျိုးသား ခေါင်းဆောင်များဖြစ်သော ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌဟောင်း စောဘဦးကြီး၊ ဗိုလ်ချုပ်စိုင်းကေနှင့် အခြား ကျဆုံးခဲ့သူများကို ရည်ရွယ်ကျင်းပခဲ့ခြင်း ဖြစ်သည်။ ကရင်တိုင်းရင်းသား အများအပြားနေထိုင်ကြသည့် ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း ကရင်အာဇာနည်နေ့ ကျင်းပခဲ့ပါသည်။

## ၅။ မွန်တော်လှန်ရေးနေ့အထိမ်းအမှတ် ဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့် ပတ်သက်၍ မွန်ပြည်နယ်အစိုးရအဖွဲ့က ခေါ်ယူတွေ့ဆုံခြင်း

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်တွင် မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရန်ကြီးအောင်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းရှိ ပြည်သူ့ရင်ပြင်နှင့် မွန်ဗမ္မာရုံတို့တွင် ၇၁ ကြိမ်မြောက် မွန်တော်လှန်ရေးနေ့ အထိမ်းအမှတ်အဖြစ် 'တော်လှန်မှ လွတ်လပ်မည်' ဟူ၍ အဓိပ္ပာယ်ရသည့် မွန်ဘာသာ ဖြင့်ရေးသားထားသော ဆိုင်းဘုတ် စိုက်ထူခြင်းနှင့် ပတ်သက်၍ မွန်ပြည်နယ် အစိုးရအဖွဲ့က မွန်ပြည်သစ်ပါတီကို ခေါ်ယူတွေ့ဆုံခဲ့သည်။ ထိုဆိုင်းဘုတ်များကို ဩဂုတ်လ ၂၆ ရက်တွင် ကျရောက်မည့် ၇၁ ကြိမ်မြောက် မွန်တော်လှန်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရေးမြို့နယ်၊ မွန်ဒေသခံများ အဖွဲ့မှ အခမ်းအနားကျင်းပရေး ကော်မတီဝင် နိုင်မြင့်ထွန်း ဦးဆောင်သည့် အဖွဲ့က ဩဂုတ်လ ၁၇ ရက်တွင် စိုက်ထူခဲ့ခြင်း ဖြစ်သည်။

### ၆။ ကရင်နီလူငယ်များ နှီးနှောဖလှယ်ပွဲ တားမြစ်ခံရခြင်း

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နှင့် ၂၄ ရက်အထိ ကယားပြည်နယ်၊ ရှားတော မြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ နှစ်ခြင်း ခရစ်ယာန်အသင်းတော်ကျောင်း၊ အစည်းအဝေး ခန်းမ၌ ကရင်နီ အမျိုးသားလူငယ်များ အစည်းအရုံး (KNYO) က ဦးဆောင်ပြုလုပ် မည့် ပထမအကြိမ် ကရင်နီလူငယ်များ နှီးနှောဖလှယ်ပွဲကို အာဏာပိုင်များက တားမြစ် ခဲ့သည်။ ထိုနှီးနှောဖလှယ်ပွဲတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးနိုင်ရေး ကြိုးပမ်းနေသည့် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) ပါဝင်နေသဖြင့် အမျိုးသား ပြန်လည်သင့်မြတ် ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၏ ခွင့်ပြု ချက်ရရှိမှသာ ဆောင်ရွက်သင့်သည့် အတွက် ကယားပြည်နယ်အစိုးအဖွဲ့က တားမြစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သို့သော် ထိုနှီးနှောဖလှယ်ပွဲကို ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) က ဦးဆောင် ပြုလုပ်ခြင်း မဟုတ်ဘဲ ကရင်နီ အမျိုးသားလူငယ်များ အစည်းအရုံးက ဦးဆောင် ပြုလုပ်ခြင်း ဖြစ်သည်။

### ၇။ မဟာပညာကျော်စကားဝိုင်း တားမြစ်ခံရခြင်း

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မီလီယာဟိုတယ်၌ 'ရခိုင်အရေး ဘယ်လို အဖြေရှာမလဲ' ဆိုသည့်ခေါင်းစဉ်ဖြင့် ပြုလုပ်မည့် မဟာ ပညာ ကျော် စကားဝိုင်းကို ခွင့်ပြုမိန့် နှစ်ပတ် ကြိုမတင်သောကြောင့်ဟု ဆိုကာ ပြည်ထဲရေး ဝန်ကြီးဌာ နလက်အောက်ရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက တားမြစ်ခဲ့သည်။ ထိုစကားဝိုင်းတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF) ဗဟိုကော်မတီ ဥက္ကဋ္ဌ ရဲဘော်သံခဲ၊ ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(SNLD) အထွေထွေ အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်၊ နိုင်ငံရေးနှင့် တိုင်းရင်းသားအရေး လေ့လာ သုံးသပ်သူ ဦးမောင်မောင်စိုးတို့က ပင်တိုင် ဆွေးနွေး ကြမည် ဖြစ်သည်။ ထို့သို့ တားမြစ်ခဲ့သည့်အတွက် ခွင့်ပြုမိန့် ပြန်လည်ရယူပြီး မဟာပညာကျော် စကားဝိုင်းကို စက်တင်ဘာလ ၃၀ ရက်သို့ ရက်ရွှေ့ပြီးမှ ပြန်လည်ပြုလုပ်ခဲ့ရသည်။

### ၈။ ငြိမ်းချမ်းရေးလူထု နှီးနှောဖလှယ်ပွဲ သတိပေးခံရခြင်း

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန် မျက်မမြင်ကျောင်း (ခဝဲခြံ) ၌ ပြုလုပ်မည့် ငြိမ်းချမ်းရေး လူထုနှီးနှောဖလှယ်ပွဲ (ရန်ကုန်)ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအရ ခွင့်ပြုမိန့်တင်ပြီး နှစ်ပတ်အကြာ ခွင့်ပြုချက်ရမှ ပွဲပြုလုပ်ခွင့် ရှိသည်ဟုဆိုကာ မရမ်း ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး စောညီညီဝင်းနှင့် မရမ်းကုန်း ရဲမှူးတို့က

ရန်ကုန် မျက်မမြင်ကျောင်း (ခဝဲခြံ) ကျောင်းအုပ်၊ ဒေါက်တာသိန်းလွင်၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီမှ ဦးငွေလင်းနှင့် ဒေါ်နှင်းနှင်းမွှေး၊ သခင်ကိုယ်တော်မှိုင်း ဂုဏ်မာန် စောင့်ရှောက်ရေးအဖွဲ့မှ ဦးထွန်းဝင်းငြိမ်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်မှ ကိုမင်းထက်စိုးနှင့် ကိုမင်းသွေးသစ်တို့ကို သတိပေးခဲ့ခြင်း ဖြစ်သည်။ သို့သော် အဆိုပါပွဲကို ကြေညာထားသည့် နေ့ရက်တွင်ပင် ပြုလုပ်ခဲ့ကြပါသည်။

## ၉။ ရှမ်းပြည်ညီညွတ်ရေး ကော်မတီအစည်းအဝေး တားမြစ်ခံရခြင်း

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နှင့် ၄ ရက်များတွင် တောင်ကြီးမြို့၌ ပြုလုပ်မည့် ရှမ်းပြည်ညီညွတ်ရေးကော်မတီ (CSSU) အစည်းအဝေးကို အမျိုးသား ပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရုံးက ရှမ်းပြည်ညီညွတ်ရေး ကော်မတီ အလှည့်ကျ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်း (SNDP) ထံ ဖုန်းဖြင့် ဆက်သွယ်ပြီး အစည်းအဝေးပြုလုပ်ခွင့် ပိတ်ပင်ခဲ့သည်။ ရှမ်းပြည်ညီညွတ်ရေး ကော်မတီတွင် ရှမ်း အမျိုးသားများ ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ (SNLD)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ် ပါတီ (SNDP)၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS/SSA) နှင့် လူငယ် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်သည်။

## ၁၀။ အမျိုးသမီးနှင့် စာပေဝါသနာစကားဝိုင်း တားဆီးခံရခြင်း

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့ နယ်၊ ၆ ရပ်ကွက် ဓမ္မာရုံ၌ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြုလုပ်မည့် 'အမျိုးသမီးနှင့် စာပေဝါသနာ စကားဝိုင်း'ကို ပွဲကျင်းပခွင့် ကြိုမတင်သော ကြောင့်ဟုဆိုကာ မရမ်းကုန်းမြို့နယ်၊ အမှတ် ၆ ရပ်ကွက် အုပ်ချုပ်ရေးမှူးက ပိတ်ပင် ခဲ့သည်။ ထိုစကားဝိုင်းကို HARP(Peace Process Improving Based On Public Activities)က ဦးစီးကျင်းပခြင်းဖြစ်ပြီး ဦးဆောင်ဆွေးနွေးမည့်သူများမှာ ဘလော့ဂါ စာရေးဆရာမ ပန်ဒိုရာ၊ ဖန်တီးအိမ် အမျိုးသမီးအဖွဲ့ ဒါရိုက်တာ မခင်လေးငယ်တို့ ဖြစ်သည်။

## ၁၁။ ရွှေဝါရောင်တော်လှန်ရေး ၁၁ နှစ်ပြည့် အခမ်းအနားကို ပြောင်းရွှေ့ကျင်းပခဲ့ရခြင်း

ရွှေဝါရောင်တော်လှန်ရေး ၁၁ နှစ်ပြည့် အခမ်းအနားကို ၂၀၁၈ ခုနှစ်၊ စက်တင် ဘာလ၊ ၁၈ ရက်တွင် ရန်ကုန်မြို့ရှိ တော်ဝင်နှင်းဆီခန်းမ၌ ပြုလုပ်ရန် စီစဉ်ထားသော် လည်း အာဏာပိုင်များက ခန်းမပိုင်ရှင်ထံ ဖိအားပေးမှုများ ရှိသောကြောင့်ဟုဆိုကာ သဃ်န်းကျွန်းမြို့နယ်ရှိ ဓမ္မပီယကျောင်းတိုက်သို့ ပြောင်းရွှေ့ ပြုလုပ်ခဲ့ရကြောင်း သိရ သည်။ ၂၀၀၇ ခုနှစ်တွင် ကုန်ဈေးနှုန်းနှင့် လောင်စာဆီဈေးနှုန်း မြင့်တက်မှုကြောင့်

ဘုန်းတော်ကြီးများ ဦးဆောင်သော ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ပြီး ရွှေဝါရောင်တော်လှန်ရေး ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ယခုအခမ်းအနားကို ၂၀၀၈ ဖွဲ့စည်းပုံဖျက်သိမ်းရေး၊ ပြည်တွင်းစစ် ရပ်တန့်ရေး၊ ပြည်သူများ စားဝတ်နေရေး ပြေလည်ရေး၊ ပြည်သူ့ဘဝ လုံခြုံရေး စသည့် ရည်ရွယ်ချက်များဖြင့် ရွှေဝါရောင် ၁၁ နှစ်ပြည့် အခမ်းအနား ကျင်းပရေး ကော်မတီက ပြုလုပ်ခြင်းဖြစ်သည်။

## ၁၂။ ငြိမ်းချမ်းရေးကဗျာရွတ်ဆိုပွဲ ပြုလုပ်သူများအား တရားစွဲ ထောင်ချခြင်း

ကချင်ပြည်နယ်အတွင်း မြန်မာ့တပ်မတော်နှင့် ကချင် လွတ်မြောက်ရေးတပ်မတော် (KIA) တို့ကြား ဖြစ်ပွားနေသော တိုက်ပွဲများ အမြန်ရပ်တန့်ရေးကို ရည်ရွယ်ပြီး ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့ရှိ မဟာဗန္ဓုလပန်းခြံ၌ ငြိမ်းချမ်းရေး ကဗျာ ရွတ်ဆိုပွဲ ပြုလုပ်ခဲ့သည်။ ထိုကဗျာရွတ်ပွဲ ပြုလုပ်ခြင်းကြောင့် ကိုဇေယျာလွင်၊ ကိုခန့်မင်း ထက်နှင့် ရွှေကြယ်မိုး (ခေါ်) ကိုရဲဝင့်အောင်တို့ကို ကျောက်တံတားမြို့နယ် ရဲစခန်းက ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့သည်။ ထို့နောက် အဆိုပါ သုံးဦးကို စက်တင်ဘာလ၊ ၁၉ ရက်နေ့တွင် ကျောက်တံတားမြို့နယ် တရားရုံးက ဒဏ်ငွေနှစ်သောင်း ပေးဆောင်ရန်၊ သို့မဟုတ် ထောင်ဒဏ် ၁၅ ရက် ကျခံရန် အမိန့်ချမှတ်ခဲ့သည်။ ကဗျာဆရာ ကိုခန့်မင်းထက်နှင့် ရွှေကြယ်မိုး (ခေါ်) ကိုရဲဝင့်အောင်တို့က ဒဏ်ငွေ ကျပ်နှစ်သောင်း ပေးဆောင်ခဲ့ပြီး ကိုဇေယျာလွင်က ငြိမ်းချမ်းရေးကို စော်ကားခံရသည်ဟု ယူဆကာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် တရားစီရင်ရေးစနစ် ပျက်ယွင်းမှုအား ထောက်ပြသည့်အနေ ဖြင့် ထောင်ဒဏ် ၁၅ ရက်ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မန္တလေးမြို့တွင် ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးတောင်းဆိုသည့် ဆန္ဒပြပွဲတွင် ပါဝင် ကဗျာရွတ်ဆိုသည့် ကဗျာဆရာ ကလင့်(မန္တလေး)ကိုလည်း ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ထောင်ဒဏ် ၂ လ ချမှတ်ခဲ့ပါသည်။

## ၁၃။ ဒုစရိုက်မှုများလျော့ကျရေး လူထုဆွေးနွေးပွဲကို ဖျက်သိမ်းခြင်း

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်တွင် မန္တလေးမြို့၊ သကျသီဟ ဘုရားဝင်းရှိ ဝေဇယန္တာ မဟာဗန္ဓုလ ဓမ္မာရုံ၌ မူခင်းဖြစ်စဉ်များနှင့် ပတ်သက်၍ လူထုယုံကြည်မှု ရေးရာ ဆွေးနွေးပွဲကို မန္တလေးမြို့ခံနှင့် အရပ်ဘက် အဖွဲ့အစည်းများက ဦးဆောင် စီစဉ်ခဲ့သည်။ ထိုဆွေးနွေးပွဲ ပြုလုပ်ရန် စက်တင်ဘာလ ၁၁ ရက်နှင့် ၁၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးပိုင်း အဆင့်ဆင့်သို့ ခွင့်ပြုမိန့် တောင်းခံခဲ့သော်လည်း အကြောင်းပြန်ကြားခြင်း မရှိသောကြောင့် ပွဲကို ဖျက်သိမ်းခဲ့ ရသည်။ ထိုဆွေးနွေးပွဲကို ဒုစရိုက်မှုများ လျော့နည်းစေရန် လုပ်ဆောင်ရာတွင် မြို့နေ

လူထု တက်ကြွစွာ ပါဝင်လာနိုင်ရန်၊ ဒုစရိုက်မှုမဖြစ်ရန် ကြိုတင်ကာကွယ် တားဆီးနိုင်မည့် နည်းလမ်းများ ရှာကြံနိုင်ရန်၊ လူထုကို ပညာပေးရန်၊ ဒုစရိုက်မှု ဖြစ်စဉ်များကို အလျင်အမြန် တုံ့ပြန်နိုင်ရန်နှင့် နေ့ည အချိန်အခါမရွေး ကိုယ်စိတ် လုံခြုံသော မန္တလေးမြို့ ဖြစ်ပေါ်လာရန် ရည်ရွယ်၍ ကျင်းပခြင်း ဖြစ်သည်။

## ၁၄။ တောင်သူမြေယာနှင့် သယံဇာတ ဆွေးနွေးပွဲတွင် ဝင်ရောက်ဆွေးနွေးခွင့် ကန့်သတ်ခံရ

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ရွှေအမ်းတောင် ခန်းမ၌ တောင်သူ မြေယာနှင့် သယံဇာတ ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးပွဲကို သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သော်လည်း ထိုဆွေးနွေးပွဲအတွက် ခွင့်ပြုမထားသည့်သူများ တက်ရောက်ဆွေးနွေးသည်ဟုဆိုကာ အမ်းမြို့မရဲစခန်းက လာရောက်တားမြစ်ခဲ့သဖြင့် ဆွေးနွေးပွဲကို ဖျက်သိမ်းခဲ့ရသည်။

## ၁၅။ သတင်းစာရှင်းလင်းပွဲလက်ခံခဲ့သည့် ခန်းမကို အခမ်းအနားကျင်းပခွင့် တားမြစ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ရွှေစည်းခုံရပ်ရှိ အမေထွေး ခန်းမတွင် ခွင့်ပြုချက်မရှိသည့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရန် လက်ခံခဲ့သောကြောင့်ဟုဆိုကာ ရမည်းသင်းမြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ထိုခန်းမ၌ အခမ်းအနားများ ကျင်းပခွင့် ပိတ်ပင်ခဲ့သည်။ ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် ရမည်းသင်းခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ Community Center ၌ W.COM ကုမ္ပဏီလီမိတက်က ပညာဒါန ကွန်ပျူတာသင်တန်းကို ဖွင့်လှစ်ခဲ့သည်။ ထိုသင်တန်း ပြီးရန် တစ်ပတ်အလို ဩဂုတ်လ ၁ ရက်နေ့တွင် သင်တန်း ဖွင့်ခွင့်မပေးဘဲ ပိတ်သိမ်းခံရမှုနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို အမေထွေး ခန်းမ၌ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ရမည်းသင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ခန်းမပိုင်ရှင်များကို ဘာသာရေး၊ သာသနာရေးဆိုင်ရာပွဲတော်၊ အစည်းအဝေး၊ တရားပွဲ၊ စာပေဟောပြောပွဲ၊ အရောင်းမြှင့်တင်ရေးပွဲ၊ ဂီတဖျော်ဖြေရေးပွဲ၊ ပြည်သူ့စကားဝိုင်း၊ လမ်း၊ တံတားဖွင့်ပွဲနှင့် အခြားပွဲများကို ခွင့်ပြုချက်မရှိဘဲ မလုပ်ဆောင်ရန်၊ ဟိုတယ်နှင့် ခန်းမများ ငှားရမ်းအသုံးပြုပါက ခွင့်ပြုချက်မရှိဘဲ မငှားရန်နှင့် မလိုက်နာပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့ ရက်စွဲဖြင့် အကြောင်းကြားစာ ပေးပို့ခဲ့သည်။

### (ဇ) ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့အား နိုင်ငံတော်ပုန်ကန်မှုဖြင့် စွဲချက်တင်ခဲ့ခြင်း

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် ညက ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့တွင် ပြုလုပ်သည့် ရခိုင် အချုပ်အခြာအာဏာ ကျဆုံးသည့်နေ့ အခမ်းအနား၌ ဟောပြောမှု ပြုလုပ်ခဲ့ခြင်းအတွက် အမ်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်သူ ဒေါက်တာ အေးမောင်နှင့် ရခိုင် စာရေးဆရာ ဝေဟင်အောင်တို့ကို အစိုးရက ဖမ်းဆီး တရားစွဲဆို ခဲ့သည်။

အစိုးရ၏ ထုတ်ပြန်ချက်တွင် ဒေါက်တာအေးမောင်က အဆိုပါ ဟောပြောပွဲတွင် ဗမာများက ရခိုင်လူမျိုးများကို ကျွန်အဖြစ်လောက်သာထားပြီး တန်းတူ အခွင့်အရေးမပေး ကြောင်း၊ အချုပ်အခြာအာဏာ ရရှိရေးအတွက် လက်နက်ကိုင်တော်လှန်ရေး ဆောင်ရွက် နေသည့်ပုဂ္ဂိုလ်များ ရှိကြောင်းနှင့် လက်ရှိ နိုင်ငံရေးအားနည်းချက်ကို အခွင့်ကောင်းယူ၍ ပန်းတိုင်ရောက်အောင် ဆောင်ရွက်ရန်၊ အချုပ်အခြာအာဏာ ပြန်လည်ရယူလိုရေး စိတ် ဓာတ် မွေးရန် ဟောပြောတိုက်တွန်းခဲ့ကြောင်း ဖော်ပြပါရှိသည်။ ယင်းဟောပြောချက် များနှင့် ပတ်သက်၍ ဇန်နဝါရီ ၁၆ ရက်တွင် ကျင်းပသည့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၁၈) မှ ၎င်းတို့နှစ်ဦးအား နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှု ရာဇသတ်ကြီးပုဒ်မ ၁၂၂ (၁)၊ နိုင်ငံတော် အကြည်ညိုပျက်စေမှု ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ)၊ မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇ (၁) တို့ဖြင့် အမှုဖွင့် တရားစွဲဆို သွားရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရှိရသည်။

စက်တင်ဘာလ ၁၀ ရက်နေ့တွင် စစ်တွေမြို့နယ်တရားရုံးက ဒေါက်တာအေးမောင် နှင့် စာရေးဆရာ ဝေဟင်အောင်တို့ကို ရာဇသတ်ကြီးပုဒ်မ ၁၂၂ (၁) နှင့် ၅၀၅(ခ) တို့ဖြင့် စွဲချက်တင်ကြောင်း အမိန့်ချမှတ်ခဲ့ပြီး မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇(၁) ဖြင့် တရားစွဲဆိုထားမှုကို တရားရှင် လွှတ်ပေးခဲ့သည်။

### (ဈ) ဒေါ်အောင်ဆန်းစုကြည်ကို ဝေဖန်ပုတ်ခတ်ခဲ့သူအား ရာဇသတ်ကြီးပုဒ်မ ၁၂၄(က) ဖြင့် ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့ခြင်း

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ဝေဖန်ပုတ်ခတ် သည့်စာများ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားသည်ဟုဆိုကာ ငါးမင်းဆွေကို လှိုင်မြို့နယ် ရဲတပ်ဖွဲ့က ရာဇသတ်ကြီးဥပဒေ၊ ပုဒ်မ ၁၂၄ (က) ဖြင့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်တွင် ဖမ်းဆီး အမှုဖွင့်ခဲ့သည်။ ငါးမင်းဆွေသည် ထိုအမှုကို ရှေ့နေမငှားဘဲ ကိုယ်တိုင်ချေပ ရင်ဆိုင်ခဲ့သည်။ တရားခွင်စစ်ဆေးမှု ၂ လအကြာ၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် အနောက်ပိုင်းခရိုင် တရားရုံးကထောင်ဒဏ် ၇ နှစ်နှင့် ငွေဒဏ် ၁ သိန်း ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ပါသည်။

ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၂၄ (က) တွင် 'မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့် ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဍာန်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ ပြည်ထောင်စုအတွက် (သို့တည်းမဟုတ်) ပြည်ထောင်စု အဖွဲ့ဝင်များအတွက် ဥပဒေအရ တည်ထောင်ထားသော အစိုးရကို မုန်းထားအောင်သော်လည်းကောင်း၊ မလေးမစားအောင်သော် လည်းကောင်း ပြုလျှင် (သို့တည်းမဟုတ်) မေတ္တာပျက်အောင် လှုံ့ဆော်လျှင် (သို့တည်းမဟုတ်) ထိုသို့ လှုံ့ဆော်ရန်အားထုတ်လျှင် ထိုသူကို ငွေဒဏ် နှင့်တကွ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ငွေနှင့်တကွ သုံးနှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်သက်သက်ဖြစ်စေ ချမှတ်နိုင်သည်'ဟု ပါရှိသည်။

## (ည) တရားရုံး၏ ဆုံးဖြတ်ချက်ကို ဝေဖန်ပြောကြားသူအား တရားစွဲဆိုခြင်း

မရမ်းကုန်းမြို့နယ်၊ အမှတ် ၆ ရပ်ကွက်တွင် နေထိုင်သော ပြည်သူများနှင့် နန်းထိုက်တော်ဝင် စားသောက်ဆိုင်ပိုင်ရှင်နှင့် ဂရိတ်နိုင်း ကျောက်မျက်ရတနာကုမ္ပဏီ ပိုင်ရှင် ဦးအိုက်လင်းတို့အကြား မြေယာပိုင်ဆိုင်မှု အငြင်းပွားသည့်ပြဿနာမှာ ၂၀၀၄ ခုနှစ်ကတည်းက ဖြစ်ပွားခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ တရားမျှတမှုရရှိစေရန် ဒီမိုကရေစီအရေး စဉ်ဆက်မပြတ်လှုပ်ရှားမှု အင်အားစု (MDCF) ခေါင်းဆောင် ကို ထင်ကျော်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ပြောကြား ချက်များအပေါ် ဦးအိုက်လင်းက ကိုထင်ကျော်ကို အသရေဖျက်မှုနှင့် တရားစွဲဆိုခဲ့သည်။

ထိုသို့ တရားစွဲသည့်အခါ ဦးအိုက်လင်းက မမှန်ကန်သော စာရွက်စာတမ်း၊ ပိုင်ဆိုင်မှု စာရွက်အတုများ တင်ပြခဲ့သည့်အတွက် ကိုထင်ကျော်က မမှန်သက်သေ တင်ပြမှုနှင့် ပြန်လည် တရားစွဲခဲ့ပါသည်။ အဆိုပါ ပြန်လည် တရားစွဲဆိုထားမှုအပေါ် တရားရုံးက ဦးအိုက်လင်းအား ထိရောက်စွာ အရေးယူခြင်း မပြုသည့်အတွက် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် ကိုထင်ကျော်က ရန်ကင်းမြို့နယ် တရားရုံးကို ဝေဖန် ပြောကြားခဲ့သည်။ ထိုဝေဖန်ပြောဆိုချက်များသည် အများပြည်သူ၏အကျိုး ပျက်စီး စေမှုကို ဖြစ်ပေါ်စေနိုင်သည်ဟုဆိုကာ နိုင်ငံရေး အကျဉ်းသားဟောင်း ကိုထင်ကျော်ကို ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) နှင့် ရန်ကင်းမြို့နယ် တရားရုံးက ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် အမှုဖွင့်ခဲ့ခြင်း ဖြစ်သည်။

## (ဋ) လူ့အခွင့်အရေးရှေ့နေ ဒေါ်ခင်ခင်ကျော်နှင့် ကိုသန်းထိုက်တို့ကို ထောင်ဒဏ်ချမှတ်ခဲ့ခြင်း

၂၀၁၅ ခုနှစ်၊ မတ်လတွင် လက်ပံတန်း ကျောင်းသားသပိတ်ကို အစိုးရက အင်အားသုံး ဖြိုခွဲခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်းရံပြည်သူ ၆၈ ဦးကို အမှုပေါင်းစုံဖြင့် ဖမ်းဆီး တရားစွဲဆိုခဲ့သည်။ ထိုအမှု၏ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ

၁ ရက်နေ့ရုံးချိန်းတွင် ကျောင်းသားများဘက်က ရှေ့နေလိုက်ပေးသူတစ်ဦးဖြစ်သည့် တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်ခင်ကျော်နှင့် သာယာဝတီမြို့နယ် တရားသူကြီး ဦးချစ်မြတ်တို့အကြား တရားခွင်အတွင်း အငြင်းအခုံဖြစ်ပွားခဲ့သည်။

ကျောင်းသားများအပေါ် အကြမ်းဖက် နှိမ်နင်းမှုနှင့် ပတ်သက်ပြီး ဒေါ်ခင်ခင်ကျော်က တာဝန်ကျ ရဲအရာရှိဖြစ်သူ 'ဒုရဲမှူးကြီး နန္ဒာဝင်း'ကို တရားစွဲဆိုရာတွင် 'ဒုရဲမှူး နန္ဒာဝင်း'ဟု မှားယွင်းဖော်ပြခဲ့မိသဖြင့် အမိန့်မချမီ ပြင်ဆင် မှတ်တမ်းတင်ပေးရန် တင်ပြရာ တရားသူကြီးက ငြင်းပယ်ရာမှ ကျောင်းသားများ အပါအဝင် ဒေါ်ခင်ခင်ကျော်နှင့် တရားသူကြီး ဦးချစ်မြတ်တို့အကြား စကားအချေအတင် ဖြစ်ခဲ့ကြသည်။ အဆိုပါကိစ္စနှင့် ပတ်သက်ပြီး ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် တရားသူကြီးက ဒေါ်ခင်ခင်ကျော်နှင့် တရားရုံးကို သပိတ်မှောက်သည့် ကိုသန်းထိုက်တို့ကို တရားရုံးဝတ္တရားနှောင့်ယှက်မှု ရာဇသတ်ကြီးပုဒ်မ ၂၂၈ ဖြင့် အမှုဖွင့်ခဲ့ခြင်း ဖြစ်သည်။ ထိုအမှုတွင် စွပ်စွဲခံရသူတို့ကို ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် တရားရုံးက ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့၊ ၇၅ ကြိမ်မြောက် ရုံးချိန်းတွင် ထောင်ဒဏ် ၆ လ ချမှတ်ခဲ့သည်။

စီရင်ချက်ချမှတ်ရာတွင် အငြင်းပွားမှုဖြစ်ပြီးနောက် တင်ပြခဲ့သည့် ဒေါ်ခင်ခင်ကျော်၏ တောင်းပန်စာကို ထည့်သွင်းသုံးသပ်ခြင်းမရှိဘဲ တရားလို ဦးချစ်မြတ်၊ တရားလိုပြသက်သေတို့၏ ထွက်ဆိုချက်များကိုသာ သုံးသပ်ခဲ့သည်ကို တွေ့ရှိရသည်။ ထိုဖြစ်စဉ်တွင် ဒဏ်ငွေ ၂၀၀ ကျပ် ချမှတ်နိုင်သည့် တရားရုံး မထီမဲ့မြင်ဥပဒေဖြင့် တရားစွဲဆိုခြင်းမပြုဘဲ ထောင်ဒဏ် ၆ လ ချမှတ်နိုင်သည့် ပုဒ်မကို အသုံးပြုခဲ့ခြင်းမှာ လက်စားချေလိုသည့် သဘော သက်ရောက်နေသည်။ ထို့ပြင် ထောင်ဒဏ် ၆ လ ချမှတ်လိုက်ခြင်းသည် ယင်းဥပဒေ၏ အမြင့်ဆုံးပြစ်ဒဏ် ဖြစ်သည့်အတွက် သာယာဝတီခရိုင် တရားရုံးသို့ တစ်လအတွင်း အယူခံဝင်မည်ဖြစ်ကြောင်း ရှေ့နေဦးကြီးမြင့်ထံမှ သိရသည်။

■

## အပိုင်း ၂ - လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် တပ်မတော်၏ချိုးဖောက်မှုများ

### (က) တပ်မတော်၏ မပြောင်းလဲသေးသော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် သဘောထား

တပ်မတော်၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်၍ ရပ်တည်ချက် သဘောထားမှာ ယခင်ပုံစံအတိုင်း မပြောင်းလဲဘဲ ရှိခဲ့သည်။ တပ်မတော်နှင့် တပ်မတော် ခေါင်းဆောင်များအပေါ် ဝေဖန်မှုများကို အရေးယူဆောင်ရွက်ခြင်းများကို ပုံမှန်အတိုင်း ပြုလုပ်နေဆဲ ဖြစ်သည်။ အရပ်သား အစိုးရသက်တမ်း ၂ နှစ်ခွဲကာလအတွင်း တပ်မတော်က တရားစွဲဆိုခဲ့သော အမှုနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်ခဲ့သည့်ဖြစ်စဉ် စုစုပေါင်း ၁၄ ခုကို လေ့လာတွေ့ရှိခဲ့သည်။ ထူးခြားချက်အနေဖြင့် တပ်မတော်က အဆိုပါ တရားစွဲဆိုထားသော အမှုများထဲမှ အမှု ၅ မှုကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ရုပ်သိမ်းပေးခဲ့ခြင်း ရှိခဲ့သည်။ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို အတူလက်တွဲ လုပ်ဆောင်နိုင်ရန်အတွက် သင်ပုန်းချေပြီး အမှုရုပ်သိမ်း ပေးခြင်းဖြစ်သည်ဟု တပ်မတော်က သတင်းထုတ်ပြန်ခဲ့သည်။

**၁။** ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် NLD အစိုးရ တက်လာပြီးနောက် အောက်တိုဘာလ ၂၂ ရက်နေ့၌ ဒီမိုကရေစီအရေး စဉ်ဆက်မပြတ် လှုပ်ရှားမှုအဖွဲ့ (MCDF) ခေါင်းဆောင် ကိုထင်ကျော်ကို တပ်မတော်က ပုဒ်မ ၅၀၅(က) ဖြင့် တရားစွဲခဲ့သည်။ ကိုထင်ကျော်သည် မြောက်ဥက္ကလာမြို့နယ် တရားရုံးရှေ့တွင် တပ်မတော် အရာရှိများနှင့် ပတ်သက်၍ ထုတ်ဖော် ပြောဆိုမှုများကြောင့် တရားစွဲဆိုခံခဲ့ရခြင်း ဖြစ်သည်။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် တပ်မတော်က အမှုကို ရုပ်သိမ်းပေးခဲ့သည်။

**၂။** NLD ပါတီ၏ ဗဟို သုတေသနလမ်းညွှန်အဖွဲ့ အတွင်းရေးမှူး ဦးမျိုးရန်နောင်သိန်း သည် လူမှုကွန်ရက်ပေါ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ဝေဖန်ရေးသားမှုကြောင့် တပ်မတော်က ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃၁ ရက်နေ့တွင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် အမှုဖွင့်ခဲ့သည်။ ၂၀၁၇ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ထောင်ဒဏ် ၆ လ ချမှတ်ခြင်း ခံခဲ့ရသည်။

**၃။** ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ၊ ပုသိမ်ဟိုတယ်တွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့က ငြိမ်းချမ်းရေးနှင့်ပတ်သက်သော အရပ်ဘက် အဖွဲ့အစည်းများ အလုပ်ရုံ ဆွေးနွေးပွဲတွင် ပညာပါရမီ ပညာဒါနကျောင်းမှ ကျောင်းသားများ 'စစ်ပွဲ အလိုမရှိ' ပြဇာတ်ကို ကပြခဲ့သည်။ အဆိုပါ စစ်ဆန့်ကျင်ရေး ပြဇာတ်သည် တပ်မတော်နှင့် တပ်မတော်မိသားစုများ၏ ဂုဏ်သိက္ခာကို ထိခိုက်သည်ဟုဆိုကာ တပ်မတော်ကိုယ်စား

အနောက်တောင်တိုင်း စစ်ဌာနချုပ်က ဇန်နဝါရီ ၁၇ ရက်နေ့တွင် ပုဒ်မ ၅၀၀ ဖြင့် ပုသိမ် တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့သည်။ ကျောင်းသား ကိုးဦးအနက် ငါးဦးမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုရမည့်သူများဖြစ်ပြီး တစ်နှစ်ကျော်အကြာ ၂၀၁၈ ခုနှစ် ဧပြီ ၄ ရက်နေ့တွင် ရုံးချိန်း ပျက်ကွက်သူ ကျောင်းသားတစ်ဦးမှလွဲ၍ ကျောင်းသား ရှစ်ဦးကို ငွေဒဏ် သုံးသောင်းနှင့် ငါးသောင်းစီ အသီးသီး ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ထိုသို့ အမိန့်ချမှတ်ခဲ့ခြင်းအပေါ် တပ်မတော်ဘက်က မကျေနပ်၍ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ပုသိမ်ခရိုင် တရားရုံးသို့ အယူခံတက်ခဲ့သည်။ ဩဂုတ်လ ၇ ရက်နေ့တွင် ခရိုင်တရားရုံးက မြို့နယ်တရားရုံး၏ အမိန့်သာ အတည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

**၄။** ပုသိမ်မြို့မှ ကျောင်းသား ကိုးဦး ကပြသည့် 'စစ်ပွဲ အလိုမရှိ' ပြဇာတ်ကို လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများအဖွဲ့ (HRAA) ဥက္ကဋ္ဌဖြစ်သူ ကိုထွန်းထွန်းဦးက မိုဘိုင်းဖုန်းဖြင့် ရိုက်ကူးပြီး Facebook လူမှုကွန်ရက်တွင် တိုက်ရိုက် (Live) လွှင့်ခဲ့သဖြင့် တပ်မတော်က ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အီလက်ထရွန်းနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေဖြင့် အမှုဖွင့်ခဲ့သည်။ နောက်ပိုင်းတွင် ဥပဒေရုံး၏ အကြံပြုချက်အရ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ဖြင့် ပြောင်းလဲအမှုဖွင့်ခဲ့သည်။ ကိုထွန်းထွန်းဦး၏အမှုကို တစ်နှစ်နီးပါးအကြာ၊ ၂၀၁၈ ခုနှစ်၊ မေလ ၇ ရက်တွင် ထောင်ဒဏ်သုံးလ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

**၅။** တပ်မတော်နေ့ (တော်လှန်ရေးနေ့) အထိမ်းအမှတ်အဖြစ် တပ်မတော်က ထုတ်လွှင့်သော 'ပြည်ထောင်စုသစ္စာ' ဇာတ်လမ်းကို သရော်စာအဖြစ် ရေးသားထားသည့် 'ကျည်ထောင်စုသစ္စာ' သရော်စာကို အွန်လိုင်းပေါ်တွင် ဖော်ပြမှုဖြင့် The Voice Daily သတင်းစာ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေနှင့် ကလောင်ရှင် ဗြိတိသျှကိုကိုမောင်တို့ကို တပ်မတော်က ၂၀၁၇ ခုနှစ် ၊မေလတွင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ဖြင့် အမှုဖွင့် တိုင်ကြားခဲ့သည်။ နောက်ပိုင်းတွင် ဗြိတိသျှကိုကိုမောင်ကို ပုံနှိပ်မီဒီယာတွင်သာ ရေးသားခြင်းကြောင့် အမှုနှင့်သက်ဆိုင်မှု မရှိဟူသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၏ မှတ်ချက်ကြောင့် တရားသေ လွှတ်ပေးခဲ့ပြီး ဦးကျော်မင်းဆွေ တစ်ဦးတည်းသာ ဆက်လက်ရင်ဆိုင်စေခဲ့သည်။ သို့သော် ဇူလိုင် ၂၁ ရက်တွင် ၎င်းတို့ နှစ်ဦးစလုံးကို သတင်းမီဒီယာ ဥပဒေ ပုဒ်မ ၂၅ (ခ) ဖြင့် ထပ်မံတရားစွဲခဲ့သည်။ ဦးကျော်မင်းဆွေသည် ရှစ်ကြိမ်တိုင်တိုင် အာမခံ ပယ်ချခံရပြီးနောက် ဩဂုတ် ၄ ရက်၊ ကိုးကြိမ်မြောက် အာမခံလျှောက်ထားရာတွင် အာမခံရရှိခဲ့သည်။ စက်တင်ဘာလ ၁ ရက်တွင် တပ်မတော်က အမှုကို ရုပ်သိမ်းပေးခဲ့သည်။

**၆။** အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းထိန်က ၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ဧရာဝတီ သတင်းဌာနသို့ ဖြေကြားချက်နှင့် ပတ်သက်၍ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က ကန့်ကွက်ကြောင်း မေလ ၅ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ ယင်းဖြေကြားချက်တွင် NLD ပါတီနှင့် ပတ်သက်၍ အွန်လိုင်းပေါ်၌ ပျံ့နှံ့နေသည့် သတင်းများအား မဟုတ်မှန်ကြောင်း ရှင်းလင်းပြောဆိုခဲ့ပြီး ယင်း သတင်းအမှားများကို ပြုလုပ်သူမှာ 'ကြံ့ခိုင်ရေးကပဲ လုပ်သလား။ အချို့ တပ်မတော်အဖွဲ့အစည်းတွေကပဲ လုပ်သလား။ ကျွန်တော်တို့ကို မလိုလားတဲ့ အိုင်တီမှာ ကျွမ်းကျင်တဲ့သူတွေကပဲ လုပ်သလား မှန်းဆရခက်တယ်'ဟု ပြောကြားခဲ့သည်။ ထိုကဲ့သို့ အခြေအမြစ် ခိုင်လုံခြင်းမရှိသော သံသယစိတ်အပေါ် အခြေခံ၍ တပ်မတော်အား ထည့်သွင်း ပုတ်ခတ် စွပ်စွဲပြောဆိုခြင်းသည် တပ်မတော်၏ဂုဏ်သိက္ခာကို များစွာ ထိခိုက်စေကြောင်း၊ သတင်းမီဒီယာဥပဒေ၊ အခန်း ၄၊ သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များ၌ ပါရှိသော 'အများပြည်သူ၏ အကျိုးစီးပွားနှင့် စပ်ဆိုင်သည့် သတင်းရေးသားခြင်း မဟုတ်လျှင် ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့ အစည်းတစ်ခု၏ ဂုဏ်သိက္ခာကို တမင်ထိခိုက်စေသော အရေးအသားနှင့် လူ့အခွင့်အရေးကို ထိခိုက်စေသော အရေးအသားမျိုး ဖော်ပြခြင်းမှ ရှောင်ကြဉ်ခြင်း'ဟူသည့် သာမန်မီဒီယာသမားများ လိုက်နာရသည့် ပြဋ္ဌာန်းချက်ကိုပင် ချိုးဖောက်စေရန် အားပေးအားမြှောက်ပြုစေကြောင်းနှင့် နိုင်ငံတော် အစိုးရအနေဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး ဆောင်ရွက်နေချိန်တွင် NLD ပါတီ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးအနေဖြင့် နိုင်ငံတော် လုံခြုံရေးနှင့် လုံခြုံရေး တာဝန်ကို ထမ်းဆောင်နေသော တပ်မတော်အပေါ် အခြေအမြစ် မရှိ ပုတ်ခတ်ပြောဆိုမှုအား ပြင်းထန်စွာ ကန့်ကွက်ကြောင်းနှင့် လိုအပ်သော တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**၇။** တောင်ငူခရိုင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသော 'ကေတုအိုးဝေ' သံချပ်အဖွဲ့၏ သင်္ကြန်ဖျော်ဖြေရေး သံချပ်စာသားများနှင့် ပတ်သက်၍ 'ကေတုအိုးဝေ'မှ ကိုအောင်ထက်နှင့် ကိုဝေယံသိန်းတို့ နှစ်ဦးကို တပ်မတော်က ၂၀၁၇၊ ဇွန်လ ၁၃ ရက်တွင် နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ) ဖြင့် အမှုဖွင့်ခဲ့သည်။ ကိုဝေယံသိန်းမှာ တရားရုံးသို့ လာရောက် အမှုရင်မဆိုင်ဘဲ တရားခွင်သို့ လာရောက်ခဲ့သော ကိုအောင်ထက်ကို အာမခံမပေးဘဲ ချုပ်နှောင်ခဲ့သည်။ ဦးခေါင်း ဒဏ်ရာရရှိခဲ့သော ကိုအောင်ထက်ကို ဩဂုတ်လ ၁၅ ရက်တွင် တရားရုံးက အာမခံပေးခဲ့သည်။ ယင်းအမှုကို ၂၀၁၇၊ စက်တင်ဘာ ၁ ရက်နေ့တွင် တပ်မတော်က အမှုရုပ်သိမ်းပေးခဲ့သည်။

**၈။** တအာင်း အမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) ဒေသတွင် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးမှုကို သတင်းယူပြီး ပြန်လာသော ဧရာဝတီ သတင်းဌာနမှ သတင်းထောက် ကိုသိန်းဇော် (ခ) ကိုလဝီဝမ်နှင့် DVB သတင်းဌာနမှ သတင်းထောက် ဦးအေးနိုင်နှင့် ကိုပြည့်ဘုန်းအောင်တို့ကို နမ့်ဆမ်–သီပေါ ကားလမ်းပေါ်တွင် လုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းက ဖမ်းဆီးခဲ့ပြီး မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇ (၁) ဖြင့် အမှုဖွင့်ခဲ့သည်။ အမှုစစ်ဆေးနေစဉ် ၆၇ ရက်ကြာ ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရပြီး အာမခံလျှောက်ထားမှုများကို အကြိမ်ကြိမ် ပယ်ချခံခဲ့ရသည်။ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် တပ်မတော်က အမှုကို ရုပ်သိမ်းပေးခဲ့သည်။

**၉။** 'ဒီမိုကရေစီစနစ်တွင် အရပ်ဘက်–စစ်ဘက် ဆက်ဆံရေး ဆိုသည်မှာ မရှိကြောင်း၊ အရပ်သား အုပ်ချုပ်ရေးစနစ်အောက်တွင် စစ်ဘက် ရှိရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်း (Protocol) အရဆိုပါက တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ညွှန်ကြားရေးမှူးချုပ် အဆင့်သာ ရှိသည်' ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဦးဖြိုးမင်းသိန်း၏ ပြောကြားချက်နှင့်ပတ်သက်၍ လိုအပ်သလို စိစစ်အရေးယူပေးရန် ဇူလိုင်လ ၁၁ ရက်တွင် တပ်မတော်က နိုင်ငံတော်သမ္မတရုံးသို့ တိုင်ကြားစာပို့ခဲ့သည်။ ထို့နောက် ဇူလိုင် ၁၃ ရက်နေ့တွင် ဦးဖြိုးမင်းသိန်းက တပ်မတော်သို့ တောင်းပန်စာ ပေးပို့ခဲ့ရသည်။

**၁၀။** တပ်မတော်ကို စစ်တပ်ဟု မခေါ်ဆိုဘဲ တပ်မတော်ဟုသာ 'မှန်မှန်ကန်ကန်' သုံးစွဲစေလိုကြောင်းနှင့် တပ်မတော် မဟုတ်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို တပ်မတော်ဟု မသုံးစွဲစေလိုကြောင်း တပ်မတော်က ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၆ ရက်တွင် တပ်မတော်က ထုတ်ဖော်ပြောကြားခဲ့သည်။ တပ်မတော် ကြည်း၊ ရေ၊ လေ တို့တွင် တာဝန်ထမ်းဆောင်နေသော စစ်မှုထမ်းများမှလွဲ၍ ကျန်သော မည်သည့် အဖွဲ့အစည်းမဆို ပြဋ္ဌာန်းသတ်မှတ်ချက်အရ စစ်ဘက်၊ ရာထူးအဆင့် အခေါ်အဝေါ်များ သုံးစွဲခွင့်မရှိဟုလည်း တပ်မတော်က ပြောကြားခဲ့သည်။

**၁၁။** တပ်မတော်ထဲသို့ အသက် ၁၃ နှစ်အရွယ်တွင် ရောက်ရှိခဲ့ရသည့် ကလေးစစ်သားဟောင်း တစ်ဦးဖြစ်သော ကိုအောင်ကိုထွေးသည် ၎င်းကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ကလေးစစ်သား ဘဝအကြောင်းကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် RFA (Radio Free Asia) သတင်းဌာနသို့ ဖြေကြားခဲ့သည်။ ထိုအတွက် တပ်မတော်က နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ) ဖြင့် တရားစွဲခဲ့သည်။ ကိုအောင်ကိုထွေးသည် နိုင်ငံတော် အကြည်ညိုပျက်စေမှုဖြင့် တရားစွဲဆို အစစ်ဆေးခံနေရစဉ်အတွင်း ၂၀၁၈

ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်တွင် တရားရုံး မထီမဲ့မြင်မှုဖြင့် ထောင်ဒဏ် ခြောက်လ ချမှတ်ခံခဲ့ရသည်။ ထို့နောက် ၂၀၁၈ ခုနှစ် မတ်လ ၂၈ ရက်တွင် တရားရုံးက နိုင်ငံတော် အကြည်ညိုပျက်စေမှုအတွက် အမြင့်ဆုံး ပြစ်ဒဏ်ဖြစ်သည့် ထောင်ဒဏ် ၂ နှစ် ချမှတ်ခဲ့သည်။ ထို့ပြင် ဇန်နဝါရီ ၁၇ ရက်နေ့ ရုံးထုတ်၌ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေစာအုပ်ကို ခြေထောက်ဖြင့်နင်းပြီး ဆန္ဒပြခဲ့ခြင်းကြောင့်ဟုဆိုကာ ထောင်ဒဏ် ၃ နှစ်ထိ ပြစ်ဒဏ် ချမှတ်နိုင်သော နိုင်ငံတော်အထိမ်းအမှတ် အက်ဥပဒေ ပုဒ်မ ၇ ဖြင့်လည်း ထပ်တိုး အမှုဖွင့်ခံထားရသည်။ နောက်ပိုင်းတွင် ဒဂုံဆိပ်ကမ်းမြို့နယ် တရားရုံးမှ ဗိုလ်တထောင် မြို့နယ် တရားရုံးသို့ ရုံးပြောင်းစစ်ဆေးခဲ့ပြီး ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် နိုင်ငံတော်အထိမ်းအမှတ် အက်ဥပဒေ ပုဒ်မ ၇ ဖြင့် စွဲချက်တင် အမိန့်ချခဲ့သည်။ ကို အောင်ကိုထွေးသည် ၂၀၀၅ ခုနှစ်တွင် တပ်မတော်ထဲသို့ ကလေးစစ်သားအဖြစ် စုဆောင်း ခံရပြီး တပ်မတော်မှ ထွက်ပြေးခဲ့စဉ် ကလည်း ထောင်ဒဏ်ကျခံခဲ့ရကာ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လတွင် ပြန်လည်လွတ်မြောက်ခဲ့ခြင်း ဖြစ်သည်။

**၁၂။** မွန်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ် ၁၂ မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်သီရိရတနာသည် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်တွင် Facebook လူမှုကွန်ရက်ပေါ်၌ ပို့စ်တစ်ခု ရေးတင်ခဲ့သည်။ အဆိုပါ ပို့စ်မှာ နိုင်ငံတော်သမ္မတ ရွေးချယ်မှုနှင့်ပတ်သက်ပြီး ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပရာတွင် ပြည်သူ့ရွေးကောက်ခံ မဟုတ်သောသူများ ထွက်ခွာနိုင်ပါပြီဟု ကြေညာသောအချိန်၌ ပြည်သူ့ရွေးချယ်ခံဖြစ်ရသော ကိုယ်စားလှယ်ဘဝသည် အလွန် ဂုဏ်ယူစရာကောင်းသည် (ဂုဏ်သိက္ခာရှိသည်) ဟု ခံစားရကြောင်း ရေးသားထားသော စာ ဖြစ်သည်။ လူမှုကွန်ရက်ပေါ်တွင် အဆိုပါ စာနှင့်ပတ်သက်၍ ဝေဖန်မှုတချို့ ဖြစ် ပေါ်ခဲ့ပြီးနောက် မတ်လ ၂၉ ရက်နေ့တွင် ဒေါ်သီရိရတနာက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့၏ အဖွဲ့ ခေါင်းဆောင်ကို အနူးအညွတ် ပြန်လည်တောင်းပန်ကြောင်း တရားဝင် စာပေးပို့ခဲ့ရသည်။

**၁၃။** ၂၁ ရာစု ပင်လုံညီလာခံကို ထောက်ခံကြိုဆိုသည့်အနေဖြင့် ၈၈ မျိုးဆက် (ငြိမ်း ချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်း) နှင့် အဆိုတော် စောဖိုးခွားတို့ ဦးစီး၍ သရုပ်ဖော် ဖျော်ဖြေတင်ဆက်ပွဲ၊ တေးဂီတဖျော်ဖြေပွဲနှင့် ချစ်ကြည်ရေး ဘောလုံးပွဲကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ အခမ်းအနားတွင် ဦးမင်းကိုနိုင် စီစဉ်သည့် ငြိမ်းချမ်းရေး သရုပ်ဖော်ပြဇာတ်၌ စစ်နှင့်ပတ်သက်၍ လူအများ ကြောက်ရွံ့ ထိတ်လန့် ထွက်ပြေးနေသော ပြကွက်များ၊ စစ်ယူနီဖောင်း ဝတ်ထားသူများက ကလေး သူငယ်များကို သေနတ်ဖြင့် ချိန်ထားသော ပြကွက်များကို တင်ဆက်ခဲ့ခြင်းအပေါ် ပြင်း

ထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း တပ်မတော်က ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ထိုထုတ်ပြန်ချက်တွင် 'သရုပ်ဖော်ကကွက်တွင် တပ်မတော်အဖြစ် သရုပ်ဆောင်ထားသည့် စစ်စိမ်းရောင်ယူနီဖောင်း ဝတ်စားဆင်ယင်မှုသည် တပ်မတော်၏ ခွင့်ပြုချက်ရယူမှု မရှိသည့်အပြင် တပ်မတော်မှ သတ်မှတ်ထားသော စစ်ဝတ်တန်ဆာ စည်းမျဉ်းနှင့် ကိုက်ညီမှုမရှိခြင်း၊ ပွဲအခမ်းအနား တင်ဆက်နိုင်သည့် အရည်အသွေးနှင့် ကိုက်ညီမှုမရှိသည့် ဝတ်စုံများကို ဝတ်ဆင်ထားခြင်း၊ ကိုင်ဆောင်သည့် လက်နက်များသည် လည်း တပ်မတော်မှ လက်ရှိတပ်ဆင် ကိုင်ဆောင်ထားသည့် လက်နက်ငယ်များ မဟုတ် ခြင်း စသည့်အချက်များကြောင့် တပ်မတော်၏ပုံရိပ်အား နိုင်ငံတကာ မျက်နှာစာနှင့် ပြည်သူတစ်ရပ်လုံး၏ မြင်ကွင်း၌ ဆိုးရွားစွာ ထိခိုက်စေကြောင်း၊ ကလေးစစ်သားနှင့် ပတ်သက်၍ လက်နက်ကိုင် အဖွဲ့အစည်း အသီးသီးဟု သုံးနှုန်းပြောကြားခြင်းသည် တပ်မတော်ကပါ ပါဝင်သည့်သဘော သက်ရောက်နေပြီး နိုင်ငံတော်အစိုးရနှင့် တပ်မတော် တို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း လျစ်လျူရှုရာရောက်ကြောင်း၊ ပြည်သူများအဖြစ် သရုပ်ဆောင်ထားသည့် လူပုဂ္ဂိုလ်များ အထိတ်တလန့် ထွက်ပြေးနေသည့် ပြကွက်များ လည်း ပါရှိနေပြီး ယင်းပြကွက်များသည် တပ်မတော်နှင့် (NCA) စာချုပ်တို့၏ ပုံရိပ်၊ အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတို့၏ ပုံရိပ်တို့ကို များစွာထိခိုက် စေကြောင်းနှင့် သမိုင်းအစဉ်အလာရှိခဲ့သည့် တပ်မတော်၏ ဂုဏ်သိက္ခာနှင့် ပုံရိပ်များကို လည်း များစွာ ထိခိုက်နစ်နာစေခြင်းတို့ကြောင့် အဆိုပါ ငြိမ်းချမ်းရေး သရုပ်ဖော်ပြကွက် အစီအစဉ်အား စီစဉ်တင်ဆက်သည့် တာဝန်ရှိသူပုဂ္ဂိုလ်များ အားလုံးအပြင် ကလေး စစ်သား သုံးစွဲမှုနှင့် ပတ်သက်၍ မှားယွင်းစွာ မသိနားမလည်ဘဲ ပြောကြားခဲ့သည့် ဦး မင်းကိုနိုင်တို့အား တပ်မတော်အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်'ဟု ဖော်ပြပါရှိပါသည်။ ထိုပြဇာတ်နှင့် ပတ်သက်၍ ဦး မင်းကိုနိုင်က အပြည့်အဝ တာဝန်ယူကြောင်း ပြန်လည်တုံ့ပြန် ပြောကြားခဲ့သည်။

**၁၄။** ၂၀၀၈ ခုနှစ်၊ မေလတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၌ စစ်ဘေးဒုက္ခသည်များ ကယ်ဆယ်နိုင်ရေး ဆန္ဒပြပွဲကို ဦးဇော်ဂျတ်၊ ဦးလွမ်းဇောင်းနှင့် ဒေါ်နန်ပူတို့က ဦးဆောင် ပြီး ပြုလုပ်ခဲ့သည်။ ထိုဆန္ဒပြမှုကြောင့် ဦးဇော်ဂျတ်၊ ဦးလွမ်းဇောင်းနှင့် ဒေါ်နန်ပူတို့ကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးမင်းဦးက တပ်မတော်အား အသရေ ပျက်စေသည်ဟုဆိုကာ ပြစ်မှုဆိုင်ရာဥပဒေ၊ ပုဒ်မ ၅၀၀ (အသရေဖျက်မှု)ဖြင့် မြစ်ကြီးနား မြို့နယ် တရားရုံး၌ အမှုဖွင့်ခဲ့သည်။ တရားရုံးချိန်း ၁၅ ချိန်း ပြည့်မြောက်သော စက်တင် ဘာလ၊ ၃ ရက်တွင် မြစ်ကြီးနား မြို့နယ်တရားရုံးက အသရေဖျက်မှုဖြင့် စွဲချက်တင်ရန် အမိန့်ချမှတ်ခဲ့သည်။ ထိုသို့ စွဲချက်တင်သည့် အမိန့်ကို ပြည်နယ်တရားလွှတ်တော်တွင် အယူခံဝင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

■

## အခန်း ၃
# သတင်းမီဒီယာ လွတ်လပ်ခွင့်

### (က) သတင်းထောက်တစ်ဦး အသတ်ခံရခြင်း

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက်နေ့တွင် Eleven Media Group မှ မုံရွာ အခြေစိုက် သတင်းထောက် ကိုစိုးမိုးထွန်း လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။ ဒေသခံတချို့မှ ကိုစိုးမိုးထွန်းကို ဒီဇင်ဘာ ၁၂ ရက်နေ့ ညဥ့်သန်းခေါင်တွင် မုံရွာမြို့အရှေ့ဘက်၊ ပြည်ထောင်စုလမ်းမကြီး၊ ခမရ ၁၆ တပ်ရင်းအနီး၌ သွေးအိုင်ထဲ မှောက်လျက်အနေအထားဖြင့် တွေ့ရှိသဖြင့် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။ ဆေးရုံတွင် ကိုစိုးမိုးထွန်း သေဆုံးနေပြီဖြစ်ကြောင်း ဆရာဝန်များမှ အတည်ပြုခဲ့ပြီး ဦးခေါင်းဒဏ်ရာ နှစ်ချက်ဖြင့် ဦးခေါင်းခွံအက်ကာ သွေးခဲ သေဆုံးခြင်းဖြစ်ကြောင်း ရင်ခွဲဆေးစစ်ချက်တွင် ဖော်ပြထားသည်။ လက်မောင်းနှင့် မျက်နှာများတွင် ဖူးရောင်ဒဏ်ရာများ၊ အညိုအမည်းများလည်း ရှိနေခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ပြီး အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းကာ တရားခံပေါ်ပေါက်ရေး ဆောင်ရွက်ခဲ့သော်လည်း ယနေ့အချိန်အထိ အမှုမှန်ပေါ်ပေါက်ခြင်း မရှိသေးသည်ကို တွေ့ရသည်။ ကိုစိုးမိုးထွန်းသည် သစ်မှောင်ခိုသတင်းများ၊ မူးယစ်ဆေးဝါး သတင်းများကို အများဆုံး သတင်းရေးသားလေ့ရှိပြီး မသေဆုံးမီ ရက်ပိုင်းအလိုတွင်လည်း ၎င်း၏ လူမှုကွန်ရက်အကောင့်တွင် သစ်မှောင်ခို အကြောင်းအရာများနှင့် ပတ်သက်၍ ဖော်ပြထားခြင်း ရှိခဲ့သည်။ ကိုစိုးမိုးထွန်းသည် ၎င်း၏ လူမှုကွန်ရက်အကောင့်တွင် သမ္မတ ဦးသိန်းစိန်

အစိုးရ လက်ထက်က သစ်ဖမ်းဆီးမှုနှင့် သက်ဆိုင်သော ဖုန်းနံပါတ်များ၊ အချက်အလက်များကို တင်ခဲ့ဖူးခြင်းလည်း ရှိသည်။ ကိုစိုးမိုးထွန်းသည် မတော်တဆ သေဆုံးခြင်း မဟုတ်ဘဲ လုပ်ကြံသတ်ဖြတ်ခံရခြင်း ဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့ဝင်များက မီဒီယာများသို့ အမှုနှင့်ပတ်သက်၍ မှတ်ချက်ပေးခဲ့သည်များ ရှိခဲ့သည်။

## (ခ) သတင်းသမားများအပေါ် တရားစွဲဆိုမှုများ

အသံအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ တွေ့ရှိချက်များအရ လက်ရှိအစိုးရ လက်ထက်တွင် သတင်းသမားများအပေါ် တရားစွဲဆိုထားသော အမှုပေါင်း ၂၅ မှုအထိရှိနေပြီး သတင်းသမား ၄၃ ဦး တရားရင်ဆိုင်နေရသည်။ ယင်းသို့ တရားစွဲဆိုသူများတွင် အစိုးရဝန်ထမ်းများက တရားစွဲဆိုထားသော အမှု ၁၅ မှု၊ တပ်မတော်က တရားစွဲဆိုထားသော အမှု ၃ မှုနှင့် အခြားသူများက တရားစွဲဆိုထားသော အမှု ၇ မှုတို့ ပါဝင်သည်။ သတင်းသမားများကို တရားစွဲဆိုရာတွင် ဆက်သွယ်ရေးဥပဒေကို အသုံးပြုမှု အများဆုံးဖြစ်ပြီး မတရားအသင်း ဥပဒေ၊ လေကြောင်းပျံသန်းမှု ဥပဒေ၊ ပို့ကုန်/သွင်းကုန် ဥပဒေ၊ လူဝင်မှုကြီးကြပ်ရေး ဥပဒေ၊ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေ၊ အသရေဖျက်မှု ပုဒ်မ ၅၀၀၊ သတင်းမီဒီယာ ဥပဒေ၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးရေး ဥပဒေတို့ဖြင့်လည်း တရားစွဲဆိုလေ့ရှိသည်။ ထိုအမှုများထဲက တချို့ကို အောက်တွင် ဖော်ပြအပ်ပါသည်။

### ၁။ ကိုဆွေဝင်း (Myanmar Now)

ကိုဆွေဝင်းသည် Myanmar Now သတင်းဌာန၏ အယ်ဒီတာချုပ်အဖြစ် လုပ်ကိုင်လျက်ရှိပြီး ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ မဘသ ဦးဆောင်ဆရာတော် ဦးဝီရသူအား အွန်လိုင်းတွင် အသေဖျက်ခြင်းကြောင့်ဆိုကာ ၎င်း၏ညွှန်ကြားချက်ဖြင့် မဘသ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ တိုင်းရင်းသား စည်းလုံးရေးနှင့် ညီညွတ်ရေးပါတီ (တစည) ပါတီဝင်အဖြစ်လည်းကောင်း ဆောင်ရွက်နေသော အမျိုးသားရေး အစွန်းရောက် ဝါဒီတစ်ဦးက ၂၀၁၇ ခုနှစ်၊ မတ်လ(၂၇) ရက်နေ့တွင် အမှုဖွင့် တရားစွဲဆိုခဲ့သည်။

အမျိုးသားရေးဝါဒီ ဆရာတော် ဦးဝီရသူသည် ၎င်း၏ Facebook စာမျက်နှာတွင် 'ဦးကိုနီကို လုပ်ကြံ သတ်ဖြတ်သူများအား ကျေးဇူးတင်ကြောင်း' ရေးသားခဲ့သည့်အပြင် Speaker Journal ၌ အင်တာဗျူး ဖြေဆိုရာ 'ဦးကိုနီသည်ခွေးရူးဖြစ်ကြောင်း၊ ခွေးရူးကို သုတ်သင်လိုက်သည့်အတွက် တစ်တော ရှင်းသွားကြောင်း' ပြောကြားခဲ့သည်။ ယင်းသို့ အမုန်းစကားများ ပြောဆိုနေမှုအပေါ် Myanmar Now သတင်းဌာနအနေဖြင့် မဘသ ရှေ့နေ ဦးအေးပိုင်အပြင် ဝိနည်းရှုထောင့်မှ ထင်မြင်ချက်ရရှိရန် မဘသမှ အထွေထွေ

အတွင်းရေးမှူး ဦးဝိမလဗုဒ္ဓိနှင့် မန္တလေးမြို့နေ ဆရာတော် ဦးစိန္တိတတို့အား အင်တာဗျူးများ ပြုလုပ်ပြီး သတင်းရေးသားခဲ့သည်။ ဆရာတော် ဦးစိန္တိတ၏ အင်တာဗျူး ဖြေကြားချက်တွင် 'ဦးဝီရသူသည် ဝိနည်းအားဖြင့် တတိယ ပါရာဇိကကျကို ကျူးလွန်ကြောင်း၊ သက်ဆိုင်ရာ သံဃာ့အဖွဲ့များက လူဝတ်လဲစေပြီး အရေးယူသင့်ကြောင်း' ပါရှိသည်။

အဆိုပါ သတင်းအား ကိုဆွေဝင်းမှ ၎င်း၏ဖေ့ဘွတ်စာမျက်နှာတွင် ပြန်ဝေမျှခဲ့ပြီး 'ဝီရသူ ပါရာဇိကကျပြီး ရဟန်းဘဝ နိဠိတံသွားပြီဖြစ်ကြောင်း' ဝေဖန်ခဲ့ရာ ဦးဝီရသူ၏ တပည့်တစ်ဦးဖြစ်သူ ကိုကျော်မျိုးရွှေက ကိုဆွေဝင်းအား ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ဖြင့် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ (မဘသ) သည် တရားမဝင်အဖွဲ့ဖြစ်ကြောင်း နိုင်ငံတော်အဆင့်မှ ကြေညာခဲ့ပြီးဖြစ်သည်။ ထို့အပြင် မဘသ အဖွဲ့သည် တရားဝင် မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းတစ်ခုလည်း မဟုတ်ပေ။ သို့သော် ဦးကျော်မျိုးရွှေသည် မဘသ အဖွဲ့ဝင်အဖြစ် မဘသ အဖွဲ့မှ ကိုယ်စား တရားစွဲဆိုခြင်းကို သက်ဆိုင်ရာမှ ခွင့်ပြုထားသည်ကို တွေ့ရှိရသည်။

ကိုဆွေဝင်းသည် ရန်ကုန်တွင် အခြေချနေထိုင်သူဖြစ်ပြီး မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ် တရားရုံးတွင် တရားစွဲဆိုခံရခြင်း ဖြစ်သည်။ အမှုမှာ ယနေ့ထက်တိုင်ပြီးပြတ်ခြင်းမရှိသေးဘဲ လပေါင်း ၂၀ ကျော်သည်အထိ ကိုဆွေဝင်းသည် ရန်ကုန်မှ မန္တလေးသို့ ပုံမှန်သွားရောက်ပြီး အမှုရင်ဆိုင်နေရသည်။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် ကိုဆွေဝင်း၏ရှေ့နေမှ အမှုချေဖျက်ရန် မန္တလေးတိုင်း တရားလွှတ်တော်တွင် လျှောက်ထားခဲ့ကြောင်း သိရသည်။

## ၂။ Eleven Media နှင့် ရန်ကုန်တိုင်းဝန်ကြီးချုပ်

Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင်နှင့် Eleven သတင်းစာ တာဝန်ခံအယ်ဒီတာ ကိုဝေဖြိုးတို့ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းမှ ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆ (ဃ) ဖြင့် အမှုဖွင့် အရေးယူခဲ့သည်။ 'ရွှေးကောက်ပွဲ တစ်နှစ်ကြာသော်' အယ်ဒီတာ့ အာဘော်တွင် 'ရန်ကုန်တိုင်းဝန်ကြီးချုပ်သည် စီးပွားရေးလုပ်ငန်းရှင် တစ်ဦးထံမှ ဒေါ်လာ သိန်းချီတန်သော Patek Philippe နာရီတစ်လုံးကို လက်ဆောင်ရယူခဲ့ကြောင်း' ထည့်သွင်းရေးသားခဲ့သည်။ အဆိုပါ အယ်ဒီတာ့အာဘော်ကို Daily Eleven သတင်းစာနှင့် Facebook သတင်းစာမျက်နှာ၊ စင်ကာပူနိုင်ငံထုတ် The Straits Time သတင်းစာတို့တွင် ဖော်ပြခဲ့သည်။ ရန်ကုန်တိုင်း ဝန်ကြီးချုပ်မှ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆ (ဃ) ဖြင့် တရားစွဲဆိုခဲ့ရာ ရဲတပ်ဖွဲ့မှ ဒေါက်တာသန်းထွဋ်အောင် နှင့် ကိုဝေဖြိုးတို့ကို ဖမ်းဝရမ်းထုတ်ပြီး ရက်ပိုင်းအတွင်း ဖမ်းဆီးခဲ့သည်။ ဒေါက်တာ

သန်းထွဋ်အောင်နှင့် ကိုဝေဖြိုးတို့မှ အာမခံလျှောက်ထားခဲ့သော်လည်း နိုဝင်ဘာ ၃ဝ ရက်နေ့တွင် တရားရုံးမှ ပယ်ချခဲ့သည်။

Eleven Media Group မှ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဝန်ကြီးချုပ်အား တောင်းပန်ခဲ့သည်။ Eleven နေ့စဉ် သတင်းစာ၊ ဂျာနယ်နှင့် Eleven ၏ Facebook သတင်းစာ မျက်နှာတို့တွင် 'Eleven Media Group မှတာဝန်ရှိသူများအနေဖြင့် နောက်နောင်တွင် ဤကဲ့သို့ မလုပ်ဆောင်ပါဟု ဝန်ခံကြောင်း' ထည့်သွင်းရေးသားချက်နှင့်အတူ အနူးအညွတ် တောင်းပန်ကြောင်း ဖော်ပြခဲ့သည်။ ထိုကဲ့သို့ Eleven Media Group မှ လူသိရှင်ကြား တောင်းပန်ခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်နေ့တွင် ဒေါက်တာသန်းထွဋ်အောင်နှင့် ကိုဝေဖြိုးတို့အား တရားရုံးမှ အာမခံပေးခဲ့သည်။

## ၃။ မဲဆွယ်အပြုံး သရော်စာ

တနင်္သာရီတိုင်းဒေသကြီး အခြေစိုက် တနင်္သာရီ အပတ်စဉ်ဂျာနယ်၌ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကလောင်ရှင် မူးဆေးအိုး ရေးသားသည့် 'မဲဆွယ်အပြုံး' သရော်စာကို ဖော်ပြခဲ့သဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က ဂျာနယ်တာဝန်ခံ အယ်ဒီတာကို တရားစွဲဆိုခဲ့သည်။ 'မဲဆွယ်အပြုံး' သရော်စာသည် အနုပညာအားဖြင့် ဝေဖန်ချက်ဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး အစိုးရနှင့် ဝန်ကြီးချုပ်ကို နစ်နာစေသည်ဟုဆိုကာ ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၏ ညွှန်ကြားချက်ဖြင့် တိုင်းဒေသကြီး အစိုးရရုံးမှ ဒုတိယညွှန်ကြားရေးမှူးက တရားလိုပြုလုပ်၍ တာဝန်ခံအယ်ဒီတာ ဦးမျိုးအောင်အား သတင်းမီဒီယာဥပဒေ ပုဒ်မ ၂၅ (ခ) ဖြင့် ၂၀၁၇၊ နိုဝင်ဘာ၂၄ ရက်နေ့တွင် အမှုဖွင့် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ မြို့နယ်တရားရုံးတွင် ၁၅ ကြိမ်မြောက် ရုံးထုတ် စစ်ဆေးပြီးချိန်တွင် အမှုပိတ်သိမ်းပေးရန် စွပ်စွဲခံရသူတို့က တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်ထံ လျှောက်ထားခဲ့ရာ တိုင်းတရားရုံးက ၂၀၁၈ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် အမှုအား မပယ်ဖျက်ရန် 'ပလပ်' အမိန့်ချမှတ်ခဲ့သည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့၊ ၂၅ ကြိမ်မြောက် ရုံးချိန်းတွင် နှစ်ဖက်လျှောက်လဲချက်များကို ကြားနာခဲ့ပြီး လာမည့် အောက်တိုဘာလ ၁ ရက် နေ့တွင် ထားဝယ်မြို့နယ် တရားရုံးက စွဲချက် တင်/မတင် အမိန့်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

## ၄။ ကိုဝဏ္ဏထွန်း

DVB သတင်းဌာနမှ သတင်းထောက် ကိုဝဏ္ဏထွန်း ရိုက်ကူးထားသည့် 'မိုးရာသီ စပါးစိုက်ပျိုးစရိတ် ချေးငွေ အလွဲသုံးစားမှု' သတင်းဗီဒီယိုကို ဒေသခံတစ်ဦးမှ Facebook ပေါ်တင်ခဲ့သည့်အတွက် ကိုဝဏ္ဏထွန်းနှင့် ဒေသခံတစ် ဦးအား ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆို ခဲ့သည်။ ရေင်အုပ်စုအပိုင် သစ်ဆိမ့်ပိုင်

ကျေးရွာတွင် မိုးရာသီစပါးစိုက်ပျိုးစရိတ် ချေးငွေများနှင့် ပတ်သက်၍ အလွဲသုံးစားမှုများ ရှိသဖြင့် သတင်းရေးသားပေးရန် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်နေ့တွင် ဒေသခံများမှ သတင်းထောက် ကိုဝဏ္ဏထွန်းအား အကူအညီတောင်းခံခဲ့သည်။ ကိုဝဏ္ဏထွန်းသည် သတင်းရေးသားရာတွင် သတင်းမျှတမှုရှိစေရန် သက်ဆိုင်ရာ အဖွဲ့အစည်း အသီးသီးနှင့် တိုင်ကြားခံရသော ကျေးရွာအုပ်ချုပ်ရေးမှူးတို့အား တွေ့ဆုံ မေးမြန်းခြင်း၊ အင်တာဗျူးခြင်းများ ပြုလုပ်ခဲ့သည်။ ကိုဝဏ္ဏထွန်းသည် သတင်းဗီဒီယိုဖိုင်အား DVB သတင်းဌာနသို့ ပေးပို့ခဲ့သော်လည်း DVB မှ ရုပ်သံသတင်းအဖြစ် မထုတ်လွှင့်ဘဲ သတင်းအကျဉ်းအနေဖြင့်သာ တင်ဆက်ခဲ့သည်။ ထိုသို့ရုပ်သံသတင်းအဖြစ် မထုတ်လွှင့်သည့်အပေါ် ကိုဝဏ္ဏထွန်းက အုပ်ချုပ်ရေးမှူးထံမှ ငွေကြေးရယူ၍ သတင်းမထုတ်လွှင့်ခြင်း ဖြစ်သည်ဟု အထင်အမြင်မှားခဲ့သည်။ အဆိုပါတောင်သူများနှင့် ဆက်သွယ်ပေးသည့် ကိုရဲနိုင်ကိုယ်တိုင် အထင်အမြင်လွဲမှားမှုများ ရှိသဖြင့် ကိုဝဏ္ဏထွန်းက ကိုရဲနိုင်ကို ခေါ်ပြီး သတင်းဗီဒီယိုအား ပြသရာ ကိုရဲနိုင်သည် ဗီဒီယိုဖိုင်အား ယူပြီး Facebook ပေါ်တင်ခဲ့ခြင်း ဖြစ်သည်။ ကိုဝဏ္ဏထွန်းက ဗီဒီယိုဖိုင်အား ပေးရာတွင် Facebook ပေါ်သို့ မတင်ရန်၊ ကိုယ်တိုင်သာကြည့်ရှုရန် မှာကြားခဲ့သော်လည်း ကိုရဲနိုင်မှ အမှန်တရားအား သိရှိရန်ဟုဆိုကာ Facebook ပေါ် တင်ခဲ့ခြင်း ဖြစ်သည်။

ထိုသို့ Facebook ပေါ်တင်ခဲ့သည့်အတွက် ကိုရဲနိုင်နှင့် သတင်းထောက် ကိုဝဏ္ဏထွန်းတို့အား ရေင်ရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ဖြင့် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် ပုဒ်မ ၆၈(က) ဖြင့် ပြောင်းလဲစွဲဆိုခဲ့သည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့က စတင် တရားစွဲဆိုခဲ့ခြင်း ဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် တရားလိုမှ အမှုအား ကျေးအေးပေးခဲ့ပြီး တရားရုံးမှ ကွင်းလုံးကျွတ် လွှတ်ပေးခဲ့သည်။ အမှုမှာ စုစုပေါင်း တစ်နှစ်ခွဲ ကြာမြင့်ခဲ့ပြီး ကိုဝဏ္ဏထွန်းမှ ရုံးချိန်းပေါင်း ၃၀ ကျော် တက်ခဲ့ရသည်။

## (ဂ) မြန်မာဂျာနယ်လစ်ကွန်ရက်ရုံးခန်း ပြောင်းရွှေ့ရန် ဖိအားပေးခံရခြင်း

အဓမ္မဝါဒ ဆန့်ကျင်ရေးကော်မတီသည် ဆရာတော် ဦးဝီရသူနှင့် ပတ်သက်သော သတင်းစာရှင်းလင်းပွဲတစ်ခုကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် မြန်မာဂျာနယ်လစ်ရုံးခန်း၌ ပြုလုပ်ရန် စီစဉ်ထားခဲ့ကြသည်။ သို့ရာတွင် စီစဉ်ထားသော ၂၅ ရက်နေ့၌ မြန်မာဂျာနယ်လစ် ရုံးခန်းအနီး ဖိတ်ကြားထားခြင်းမရှိသော သံဃာတော်များနှင့် လူအုပ်စုများ ရောက်ရှိနေပြီး သတင်းစာရှင်းလင်းပွဲကို နှောင့်ယှက်မည့် ရန်သဘောဆောင်နေသောကြောင့် သတင်းစာရှင်းလင်းပွဲကို မပြုလုပ်တော့ဘဲ ရွှေ့ဆိုင်းခဲ့ရသည်။ ဆရာတော် ဦးဝီရသူသည် လူမှုကွန်ရက်တွင် အမုန်းစကားများ ဖြန့်ဝေသဖြင့် လက်ရှိတွင် ၎င်း၏ ဖေ့စ်ဘုတ်အကောင့်များ၊ စာမျက်နှာများ ပိတ်သိမ်းခံထားရသူ ဖြစ်သည်။

ယင်းဖြစ်စဉ်များ ဖြစ်ပွားပြီး တစ်ရက်အကြာတွင် မြန်မာဂျာနယ်လစ်ရုံးခန်းအား ငှားရမ်းထားသော အခန်းပိုင်ရှင်မှ စာချုပ်ပါ ငှာရမ်းကာလ မပြည့်သေးဘဲ အမြန်ဆုံး ရွှေ့ပြောင်းပေးရန် ဖိအားပေးလာခဲ့သည်။ အခန်းပိုင်ရှင်အား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ခေါ်ယူတွေ့ဆုံမှုလည်း ရှိထားခဲ့သည်။

## (ဃ) သတင်းသမားများ ခြိမ်းခြောက်ခံရခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ် အခြေစိုက် နယ်သတင်းထောက် ကိုတင်ဇော်ဦးသည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၅ ရက်တွင် The Voice Daily သတင်းစာ၌ သပိတ်ကျင်းမြို့နယ်အတွင်း တရားမဝင် သစ်စက်များ ထောင်၍ သစ်မှောင်ခိုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရေးသားခဲ့သည်။ ထို့နောက် အောက်တိုဘာလ ၆ ရက်တွင် သစ်လုပ်ငန်းနှင့်ပတ်သက်သူ လူတစ်စုက ကိုတင်ဇော်ဦး၏နေအိမ်သို့ ရောက်ရှိလာခဲ့ပြီး 'တင်ဇော်ဦးဆိုတာ မင်းလား။ အရမ်း နာမည်ကြီးနေလို့ ငါတို့ တောထဲကနေ လာခဲ့တာ'ဟု ဆိုကာ ကိုတင်ဇော်ဦးကို ၎င်းတို့နှင့်အတူလိုက်ခဲ့ရန် ခေါ်ယူခဲ့သည်။ ကိုတင်ဇော်ဦးသည် ယင်းလူတစ်စုကို သတင်းရေးနေသောကြောင့် ခေတ္တစောင့်ဆိုင်းထားပြီး မြို့နယ်မှူးထံ ဖုန်းဆက် အကူအညီတောင်းခဲ့သည်။ မြို့နယ်မှူးက စခန်းမှူးကို ဖုန်းဆက်ရန် ပြောဆိုခဲ့ပြီး ထိုအချိန်တွင် ဌာနဆိုင်ရာ အရာရှိတစ်ယောက် အိမ်သို့ အလည်လာချိန်၌ အဆိုပါ လူတစ်စုမှ ပြန်သွားခဲ့သည်။ ထို့နောက် ဒေသခံများက တစ်ညလုံး လုံခြုံရေးယူပေးခဲ့ကာ နောက်တစ်ရက် အရောက်တွင် မိသားစုလိုက် မန္တလေးမြို့သို့ သွားရောက်ကာ တိမ်းရှောင်နေထိုင်ခဲ့ရသည်။ ယင်းအချိန်၌လည်း အွန်လိုင်း၊ ဖုန်းတို့မှတစ်ဆင့် ခြိမ်းခြောက်မှုများ ရင်ဆိုင်ခဲ့ရသည်။ ကိုတင်ဇော်ဦးအပြင် အခြားသော သတင်းထောက်များသည်လည်း ပုံစံမျိုးစုံဖြင့် ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေကြရသည်။

## (င) သတင်းသမားနှစ်ဦး အလုပ်ထုတ်ခံခဲ့ရခြင်း

### ၁။ ကိုအောင်မြင့်မြတ် (ခေါ်) ကိုရွှေမန်း

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ထုတ်ဝေသည့် မန္တလေးနေ့စဉ်သတင်းစာတိုက်မှ သတင်းထောက် ကိုအောင်မြင့်မြတ် (ခေါ်) ကိုရွှေမန်းသည် မန္တလေးတိုင်း ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ကို လူမှုကွန်ရက်တွင် ဝေဖန်ခဲ့သည့်အတွက် အလုပ်မှထုတ်ပယ်ခြင်း ခံခဲ့ရသည်။ ကိုအောင်မြင့်မြတ်သည် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ ညတွင် ဝန်ကြီးချုပ်အား Facebook ၌ဝေဖန်ခဲ့ပြီးနောက် ၂၉ ရက်နေ့တွင် ၎င်း တာဝန်ထမ်းဆောင်သည့် သတင်းဌာနသို့ အမည်မသိ ဆက်သွယ်မေးမြန်းမှုများ၊ ကိုအောင်မြင့်မြတ်အကြောင်း စုံစမ်းမှုများ ရှိခဲ့သည်။ ထိုနောက်တွင် သတင်းဌာနမှ

ဝန်ထမ်းစည်းမျဉ်းများနှင့် မကိုက်ညီမှု၊ သတင်းထောက် ကျင့်ဝတ်များနှင့် မညီမှုတို့ကြောင့်ဟုဆိုကာ ကိုရွှေမန်းအား အလုပ်မှထုတ်ပယ်ခဲ့သည်။ ကိုရွှေမန်းသည် အဘက်ဘက်မှ ဖိအားများကြောင့် ဝန်ကြီးချုပ်ကို ပြန်လည်တောင်းပန်ရန် စီစဉ်ခဲ့သော်လည်း စီစဉ်ပေးသူများ၏ ကြန့်ကြာမှုကြောင့် လူချင်းတွေ့ဆုံ တောင်းပန်ခဲ့ရခြင်း မရှိကြောင်း သိရသည်။

## ၂။ ဖီအိုနာ မက်ဂရီဂေါ်

မြန်မာတိုင်မ်း သတင်းဌာန အင်္ဂလိပ်ပိုင်းမှ နိုင်ငံခြားသတင်းထောက် ဖီအိုနာ မက်ဂရီဂေါ် (Fiona MacGregor) သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့ထုတ် မြန်မာတိုင်းမ် အင်္ဂလိပ်သတင်းစာတွင် အစိုးရလုံခြုံရေးတပ်များက ရိုဟင်ဂျာအမျိုးသမီးများကို အဓမ္မပြုကျင့်ခဲ့သည်ဟူသော စွပ်စွဲချက်များနှင့် ပတ်သက်ပြီး သတင်းရေးသားဖော်ပြခဲ့သည်။ ထိုသတင်း ရေးသားခဲ့ခြင်းအတွက် ဖီရိုနာ မက်ဂရီဂေါ်ကို သတင်းစာတိုက်၏ ဂုဏ်သိက္ခာနှင့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးကို ထိခိုက်စေသည်ဟုဆိုသော အကြောင်းပြချက်ဖြင့် သတင်းစာတိုက်က အလုပ်ထုတ်ခဲ့သည်။

## (စ) MNTV က BBC မြန်မာပိုင်း အစီအစဉ်ထုတ်လွှင့်မှုကို ရပ်ဆိုင်းခဲ့ခြင်း

Myanmar National TV (MNTV) ရုပ်သံလိုင်းတွင် ၂၀၁၄ ခုနှစ်၊ ဧပြီလမှ စတင်၍ ပုံမှန် ထုတ်လွှင့်ပေးနေသော BBC မြန်မာပိုင်း သတင်းအစီအစဉ်ကို ထုတ်လွှင့်မှု ရပ်ဆိုင်းလိုက်ကြောင်း MNTV က ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။ BBC မြန်မာပိုင်းအစီအစဉ် ထုတ်လွှင့်နိုင်ရန် သတင်းပေးပို့ရာ၌ နိုင်ငံတော်အစိုးရမှ တားမြစ်ထားသော စကားလုံး အသုံးအနှုန်းများ ပါရှိလာသည့်အတွက် ရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း၊ MNTV က နိုင်ငံတော်ထုတ်ပြန်ချက်ကို လေးစားလိုက်နာသော အနေဖြင့် ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ARSA အစွန်းရောက် အကြမ်းဖက်သမားများနှင့် ARSA အကြမ်းဖက်အုပ်စုအား ထောက်ခံခြင်း၊ အားပေး ကူညီရာရောက်စေသော ပြုမူလုပ်ဆောင်ချက်များ လုပ်ဆောင်ခြင်း၊ ထောက်ပံ့ခြင်း၊ မီဒီယာများမှ ထောက်ခံ ရေးသားခြင်း စသည်တို့ကို မပြုလုပ်ရန်နှင့် ပြည်တွင်း၌ ထိုသို့ အကြမ်းဖက်အားပေး လုပ်ဆောင်ချက်များ တွေ့ရှိပါက အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အစိုးရက ဖော်ပြထားသည်ဟုလည်း MNTV ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

BBC သတင်းဌာနကလည်း ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် MNTV ၌ BBC သတင်းများထုတ်လွှင့်မှုကို ရပ်ဆိုင်းကြောင်း ထုတ်ပြန်ပြီး BBC ကမ္ဘာတစ်လွှား အစီအစဉ်၏ ညွှန်ကြားရေးမှူး Francesca Unsworthu မိမိတို့ ထုတ်လွှင့်နေ

သော အစီအစဉ်များကို ပူးတွဲတင်ဆက်နေသော ရုပ်သံလွှင့်ဌာနများက ကြားဝင်စွက်ဖက်ခြင်း၊ ဖြတ်တောက်ခြင်းများသည် မိမိတို့နှင့်ပရိသတ်များအကြား ထားရှိသည့် ယုံကြည်မှုကို ပျက်စီးစေသည့် ချိုးဖောက်မှုကြီး ဖြစ်သည့်အတွက် လက်မခံနိုင်ကြောင်း ပြောဆိုခဲ့သည်။

ထို့ပြင် DVB သတင်းဌာနတွင် ထုတ်လွှင့်နေသော RFA သတင်းအစီအစဉ်များကိုလည်း 'ရိုဟင်ဂျာ' အသုံးအနှုန်းကို သုံးစွဲခဲ့သည်ဟုဆိုကာ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် အစိုးရက ရပ်ဆိုင်းပစ်ခဲ့သေးသည်။

## (ဆ) သတင်းထောက်နှစ်ဦးကို နှစ်ရှည် ထောင်ဒဏ်ချမှတ်ခြင်း

ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးဖြစ်သည့် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့သည် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ ပုဒ်မ ၃ ဖြင့် ဖမ်းဆီးခံခဲ့ရသည်။ ဖမ်းဆီးခံရခြင်း မတိုင်မီက ကိုဝလုံးသည် စက်တင်ဘာလအတွင်းက ရခိုင်ပြည်နယ်၊ အင်းဒင်ကျေးရွာတွင် ဖြစ်ပွားခဲ့သော အင်းဒင်ရွာသား၁၀ ဦး အသတ်ခံရခြင်းနှင့်ပတ်သက်ပြီး စုံစမ်းဖော်ထုတ် သတင်းရေးသားနေသူဖြစ်သည်။ ကိုဝလုံးသည် သတင်းအား ခိုင်လုံစေရန်အတွက် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလဆန်းပိုင်းအတွင်း ရန်ကုန်တွင်ရှိနေသော ရခိုင်ပြည်နယ်တွင် တာဝန် ထမ်းဆောင်ခဲ့သည့် ရဲအရာရှိအချို့နှင့် အင်းဒင်ကျေးရွာ လူသတ်မှုအခင်းတွင် ရှိနေခဲ့သည့် ရဲအရာရှိများကို ဆက်သွယ်မေးမြန်းခွင့် ရရှိရန် အားထုတ်ကြိုးပမ်းခဲ့သည်။ ရခိုင်ပြည်နယ် မောင်တောဒေသတွင် တာဝန်ထမ်းဆောင်ခဲ့သော လက်ရှိတွင် ရန်ကုန်တိုင်း၊ ထောက်ကြန့်မြို့နယ်တွင် တာဝန်ကျနေသည့် ရဲအရာရှိတစ်ဦးကိုလည်း မေးမြန်းရန် ဆက်သွယ်ခဲ့သည်။

ထောက်ကြန့်မှ ရဲအရာရှိတစ်ဦးက ကိုဝလုံးအား ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်နေ့ ညနေဘက်တွင် စားသောက်ဆိုင်တစ်ခု၌ ဆုံတွေ့ရန် ဖုန်းဆက်ချိန်းဆိုခဲ့သည်။ ကိုဝလုံးသည် ၎င်း၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သော ရခိုင်လူမျိုးတစ်ဦးဖြစ်သည့် သတင်းထောက် ကိုကျော်စိုးဦးနှင့်အတူ စားသောက်ဆိုင်သို့ သွားရောက်ခဲ့သည်။ စားသောက်ဆိုင်အရောက်တွင် ရဲအရာရှိတချို့ကို ဆုံတွေ့ရပြီး ရဲအရာရှိတစ်ဦးသည် ကိုဝလုံးတို့ တောင်းဆိုခြင်းမရှိဘဲ ၎င်းတို့လက်ထဲသို့ စာရွက်စာတမ်းများ ထည့်ပေးခဲ့သည်။ ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ စားသောက်ဆိုင်မှ ထွက်ခွာချိန်တွင် အသင့်စောင့်ဆိုင်းနေသော ရဲတပ်ဖွဲ့ဝင်များက ရခိုင်ပြည်နယ်အရေးနှင့်ဆိုင်သော နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ လက်ဝယ်တွေ့ရှိမှုဖြင့် ဖမ်းဆီးသွားခဲ့သည်။ ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ကို ရဲတပ်ဖွဲ့က ကိုလိုနီခေတ်၊ ၁၉၂၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ထောင်ဒဏ် ၁၄ နှစ်အထိ ချမှတ်ခံရနိုင်သည့် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေ

ပုဒ်မ ၃ ဖြင့် အမှုဖွင့် တရားစွဲဆိုခဲ့သည်။ ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ကို တရားစွဲဆိုရန် သမ္မတရုံးသို့ ခွင့်ပြုမိန့်တောင်းသည့် စာမှာ ၎င်းတို့အား ဖမ်းဆီးပြီး တစ်နာရီအတွင်းပင် ရဲတပ်ဖွဲ့ထံတွင် အသင့်ဖြစ်နေခဲ့သည်။ ကိုဝလုံးတို့ တွေ့ဆုံမေးမြန်းခဲ့သည့် ဒုတိယရဲမှူး မိုးရန်နိုင်ကို ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေဖြင့် ထောင်ဒဏ်တစ်နှစ် ချမှတ်ခဲ့ပြီး ရဲတပ်ဖွဲ့မှလည်း ထုတ်ပယ်ခဲ့သည်။

ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ကို ၂၀၁၈ခုနှစ်၊ ဇူလိုင် ၉ ရက်နေ့တွင် ရန်ကုန် မြောက်ပိုင်းခရိုင် တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ ပုဒ်မ ၃ (၁) (ဂ) နှင့် စွဲချက်တင်ခဲ့ပြီး စက်တင်ဘာလ ၃ ရက်နေ့တွင် ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့သည်။ ၎င်းတို့နှစ်ဦး စုံစမ်းဖော်ထုတ်ရေးသား ခဲ့သည့် အင်းဒင်ရွာသား ၁၀ ဦး ရက်ရက်စက်စက် သတ်ဖြတ်ခံရသည့် သတင်းကြောင့် အဆိုပါ လူသတ်မှုကို တပ်မတော်က ဝန်ခံခဲ့ရပြီး ပြစ်မှုကျူးလွန်သူ တပ်မတော်အရာရှိ ၇ ဦးကိုလည်း စစ်ခုံရုံးက ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့ရပါသည်။

■

# အခန်း ၄
# လွတ်လပ်စွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်

မြန်မာနိုင်ငံတွင် လွတ်လပ်စွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်တို့မှာ အစိုးရ အဆက်ဆက်၏ တားဆီးပိတ်ပင်ခြင်း၊ သို့မဟုတ် ကန့်သတ်ခြင်းခံရသော အခြေခံ လူ့ ရပိုင်ခွင့်တစ်မျိုး ဖြစ်ပေသည်။ ကာလရှည် စစ်အုပ်ချုပ်ရေးစနစ် ရပ်တန့်ပြီးနောက်ပိုင်း အရပ်သား အစိုးရများမှ အာဏာရလာသည့်တိုင် လွတ်လပ်စွာ စုဝေးခွင့်နှင့် ဆန္ဒထုတ် ဖော်ခွင့်တို့မှာ မေးခွန်းထုတ်စရာအခြေအနေ ဖြစ်နေသေးသည်။ အသံအဖွဲ့မှ ကောက်ခံ ရရှိသော စာရင်းများအရ လက်ရှိအစိုးရလက်ထက်၊ သက်တမ်း ၂ နှစ်ခွဲအတွင်း ငြိမ်းစုစီ ဥပဒေဖြင့် တရားစွဲဆိုခံထားရသော အမှုပေါင်း ၃၉ မှုရှိနေပြီး တက်ကြွလှုပ်ရှားသူ ၁၄၂ ဦးထိ တရားရင်ဆိုင်နေရသည်။

## (က) ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ

ငြိမ်းစုစီဥပဒေကို ဦးသိန်းစိန်အစိုးရ လက်ထက်ဖြစ်သော ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ဥပဒေပါ ပုဒ်မများအရ လွတ်လပ်စွာစုဝေးခွင့်ကို များစွာကန့်သတ်ထားသော အချက်အလက်များ ပါရှိခဲ့သည့်အတွက် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများက အပြင်းအထန် ဝေဖန်ခဲ့ကြသည်။ ထို့နောက် ၂၀၁၄ ခုနှစ် ဇွန်လတွင် တစ်ကြိမ်၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် တစ်ကြိမ် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ကန့်သတ်မှုအချို့ကို ဖြေလျော့ပေးခဲ့သည်။ သို့သော်လည်း လွတ်လပ်စွာ စုဝေးခြင်းနှင့် ဆန္ဒပြခြင်းတို့အပေါ် တင်းကျပ်ထားမှုများ ရှိနေဆဲပင် ဖြစ်သည်။ လက်ရှိ ဥပဒေတွင်

ဆန္ဒပြပွဲ ဦးဆောင်ပုဂ္ဂိုလ်များ၏ ကိုယ်ရေးအချက်အလက်များ တောင်းခံခြင်း၊ စီတန်းလှည့်လည်ရာတွင် အသုံးပြုမည့် အလံ၊ ပိုစတာ၊ ကြွေးကြော်သံ၊ ပါဝင်မည့် လူဦးရေ အရေအတွက် စသည့် အသေးစိတ် အချက်များကို တောင်းခံခြင်း၊ စီတန်းလှည့်လည်မည့် မြို့နယ်တစ်လျှောက် နယ်မြေခံ ရဲစခန်းများကို ကြိုတင်အသိပေး တင်ပြရန် လိုအပ်ခြင်း၊ ရှောင်တခင်ဖြစ်ပေါ်လာသော စုဝေးမှုနှင့် ပတ်သက်သော အချက်အလက်များ မပါဝင်ခြင်းနှင့် ပုဒ်မ ၁၀(ဠ) အရ ကြိုတင်သတ်မှတ်ထားသော ဒေသန္တရ စည်းမျဉ်း၊ စည်းကမ်းများနှင့် သဘောတူညီချက်များကို လိုက်နာနေရခြင်း တို့ကိုပြင်ဆင်ရန် လိုအပ်ကြောင်း အရပ်ဘက် အဖွဲ့အစည်းများက အကြိမ်ကြိမ် အကြံပြုခဲ့ကြဖူးပါသည်။ သို့သော် ယင်း အကြံပြုချက်များကို ပြင်ဆင်ရန် မကြိုးစားဘဲ ဆန္ဒပြလိုသူများကို ပိုမိုတင်းကျပ် ရှုပ်ထွေးစေမည့်၊ ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် အချက်များကိုသာ ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် တင်သွင်းခဲ့သည်။ ထိုပြင်ဆင်ချက်ပါ ပုဒ်မ ၄ (ဃ) တွင် *'ဆန္ဒထုတ်ဖော်မှု၏ ခန့်မှန်းကုန်ကျငွေနှင့် ကျခံသူ၏ အမည်ကို အာဏာပိုင်တို့ထံ တင်သွင်းရမည်'ဟု* ပါရှိသည်။ ပါတီတစ်ခုခုကသော်လည်းကောင်း၊ ခရိုနီတစ်ဦးဦးကသော်လည်းကောင်း ဦးဆောင် ပြုလုပ်သော ဆန္ဒပြပွဲများအတွက် အလှူရှင်နာမည်ကို တင်ပြရန် မခက်ခဲနိုင်သော်လည်း လယ်ယာမြေ သိမ်းဆည်းခံထားရသော လယ်သမားများ၊ လုပ်ခလစာ အပြည့်အဝ မရရှိသော အလုပ်သမားများ၊ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးအတွက် လုပ်ဆောင်နေသော ကျောင်းသားသမဂ္ဂများနှင့် တရားရုံးတွင် မတရားခံရသော ပြည်သူများက ပြုလုပ်သော ဆန္ဒပြပွဲများအတွက် ခက်ခဲ နှောင့်နှေးနိုင်သည်။ ယင်းတို့၏ ဆန္ဒပြပွဲအတွက် ကုန်ကျငွေများကို ပြည်သူများက ငါးရာ၊ တစ်ထောင် ဝိုင်းဝန်းထည့်ဝင်ကြသည်က များသည်။ ယင်း ပြည်သူအလှူရှင်များ နာမည်ကိုပါ ရဲတပ်ဖွဲ့မှူးထံ တင်ပြရလျှင် အကြောက်တရားရှိနေဆဲဖြစ်သော ပြည်သူများက လက်တွန့်လာနိုင်သည်။

ထို့ပြင် ထပ်တိုးဖြည့်စွက်လိုက်သော ပုဒ်မတစ်ခုမှာ ၁၈။ *'မည်သူမဆို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား၊ အကျိုးတို့ကို ပျက်ပြားစေရန် အကြံဖြင့်ဖြစ်စေ၊ ထိုသို့ ပျက်ပြားတန်ရာသော အခြေအနေ ဖြစ်နိုင်ကြောင်း သိလျက်နှင့်ဖြစ်စေ ငွေ၊ သို့မဟုတ် ပစ္စည်းကိုသော်လည်းကောင်း၊ အခြား နည်းလမ်းတစ်ခုခုကိုသော်လည်းကောင်း သုံးစွဲ၍ သူတစ်ဦးဦးအား ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုအောင် လှုံ့ဆော်ခြင်း၊ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ သို့မဟုတ် တိုက်တွန်းခြင်းကို ပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်'*ဟူ၍ ဖြစ်သည်။ ထိုပြင်ဆင်ချက်ပါ *နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး* ဟူသောစကားလုံးများ

သည် ရှုပ်ထွေးနက်နဲပြီး လိုအပ်သလို အကျယ်ချဲ့အနက်ဖွင့်ဆိုနိုင်သည်။ ပုဒ်မ ၁၈ ပါ ဖြည့်စွက်ချက်သည် တစ်ယောက် ၅၀၀၀ ပေး၍ ပြုလုပ်သော တချို့သော ဆန္ဒပြပွဲများကို အရေးယူနိုင်ရန် ရည်ရွယ်ထားပုံရသည်။ သို့သော် ပစ္စည်းကိုသော်လည်းကောင်း သုံးစွဲ၍ဟု ဆိုရာတွင် ကမ်ပိန်းတီရှပ် ဝေငှခြင်းများပါ အကျုံးဝင်နိုင်သည့်အတွက် တချို့ဆန္ဒပြပွဲများတွင် တောင်းဆိုလိုသည့်အရာကို ထင်ရှားအောင် ပြသရန် အခက်အခဲရှိနိုင်သည်။ အခြား နည်းလမ်းတစ်ခုခုကိုသော်လည်းကောင်း သုံးစွဲ၍ ဆိုသည့် စကားရပ်မျိုးဆိုလျှင် အတိုင်းအဆမဲ့ ကျယ်ပြန့်သွားသည်။ မည်သည့်နည်းလမ်း ဆိုသည်ကို တိကျစွာဖော်ပြရန် လိုအပ်သည်။

ထိုအသစ် ဖြည့်စွက်လိုက်သည့် ပုဒ်မအတွက် ပြစ်ဒဏ်မှာလည်း ထောင်ဒဏ် ၃ နှစ်အပြင် ငွေဒဏ်ပါ ချမှတ်နိုင်သည့်အတွက် ငွေပေးပြီး ပြုလုပ်သော ဆန္ဒပြပွဲများ လျှော့နည်းသွားနိုင်လိမ့်မည်ဟု ယူဆနိုင်သော်လည်း ခုတ်ရာတခြား ရှရာတလွဲ ဖြစ်လာနိုင်ခြေ ပိုများသည်။ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများကို ထိုပုဒ်မကို အသုံးပြုပြီး တရားစွဲဆိုလာမှုများ ကြုံလာနိုင်သည်။ ဒီမိုကရေစီ လက်ခံကျင့်သုံးသော နိုင်ငံများတွင် ငွေပေးစေခိုင်းသော ဆန္ဒပြမှုဖြစ်စေ၊ အမှန်တကယ် လိုအပ်၍ ပြုလုပ်ကြသော ဆန္ဒပြမှုဖြစ်စေ မည်သည့်ဆန္ဒပြမှုကိုမဆို အကြမ်းဖက်မှုများ၊ ခွဲခြားဆက်ဆံမှုများကို တွန်းအားပေး လှုံ့ဆော်ခြင်းမျိုး မပြုလုပ်မချင်း ဥပဒေဖြင့် တားမြစ်လေ့မရှိချေ။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် လူသားအားလုံး၏ အခြေခံရပိုင်ခွင့် ဖြစ်သည်။ လူတစ်စု တစ်ဖွဲ့ကိုလည်း ရည်ရွယ်၍ ခွဲခြားကန့်သတ်ခြင်းမျိုး ပြုလုပ်ခွင့်မရှိပေ။ အမှန်တကယ် ပြုလုပ်သင့်သည်က ဆန္ဒပြပွဲတိုင်းကို အစိုးရက နားထောင်၍ အမှန်တကယ် နစ်နာမှုများ တွေ့ရှိပါက ဖြေရှင်းဆောင်ရွက်ပေးပြီး ငွေပေးစေခိုင်းသော၊ မမှန်ကန်သော ဆန္ဒပြမှုများကို လျစ်လျူရှုနေသင့်သည်။ မည်သည့် အကြောင်းပြချက်နှင့်မှ လွတ်လပ်စွာ စုဝေးခွင့်၊ ဆန္ဒထုတ်ဖော်ခွင့်ကို ကန့်သတ်ခြင်း မပြုလုပ်သင့်ပေ။

## (ခ) ဆန္ဒပြကျောင်းသားများအား ကျောင်းမှထုတ်ပယ်ခြင်း

ရတနာပုံတက္ကသိုလ်မှ ကျောင်းသားများ ဦးဆောင်ပြီး တက္ကသိုလ်အများအပြားမှ ကျောင်းသားများ ပါဝင်သည့် ကျောင်းသားသမဂ္ဂများသည် ဇန်နဝါရီလ ၂၂ ရက်နေ့မှ စတင်၍ ရတနာပုံတက္ကသိုလ် ကျောင်းဝင်းအတွင်း 'ပညာရေးအသုံးစရိတ် တိုးမြှင့်ပေးရန်' တောင်းဆို ဆန္ဒပြခဲ့ကြသည်။ အဆိုပါ ဆန္ဒပြကျောင်းသားများထဲမှ တက္ကသိုလ်သုံးခုမှ ကျောင်းသား ၄၀ ဦးတို့သည် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ကျောင်းထုတ်ပယ်ခံခဲ့ရသည်။ ကျောင်းသားများကို ကျောင်းထုတ်ပယ်ရာတွင် အကျင့်စာရိတ္တ ပျက်ပြားမှုဆိုင်ရာ ကျောင်းစည်းကမ်းများနှင့်ပါ စွပ်စွဲထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။ ကျောင်းအုပ်ချုပ်ရေးအဖွဲ့များက အချို့ကျောင်းသားများကို ကျောင်းပြန်တက်ခွင့် ရရှိရန်ဟုဆိုကာ ခံဝန်လက်မှတ်

ထိုးခိုင်းမှုများလည်း ရှိခဲ့သည်။ နောက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြားဝင် ဖြေရှင်းပေးမှုနှင့် ကျောင်းထုတ်ပယ်ခံ ကျောင်းသားများ ခံဝန်လက်မှတ်များ ထိုးစရာမလိုဘဲ ကျောင်းပြန်တက်ခွင့်ရရှိခဲ့သည်။ ကျောင်းသားများ၏ 'ပညာရေးအသုံးစရိတ် တိုးမြှင့်ပေးရန်' တောင်းဆိုဆန္ဒပြမှုအပေါ် ကျောင်း၏ စည်းမျဉ်း၊ စည်းကမ်းများကို အသုံးချကာ ကျောင်းထုတ်ပယ်ခဲ့ခြင်းသည် ကျောင်းသားများ၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို တိုက်ရိုက်ချိုးဖောက်ခြင်း ဖြစ်သည်။

## (ဂ) ရန်ကုန်တိုင်းဒေသကြီး ၁၁ မြို့နယ်တွင် ဆန္ဒထုတ်ဖော်ခွင့် ပိတ်ပင်ခဲ့ခြင်း

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ရန်ကုန်မြို့တွင်း ၁၁ မြို့နယ်၌ ဆန္ဒထုတ်ဖော်ခွင့် ပိတ်ပင်ခဲ့သည်။ အဆိုပါ ၁၁ မြို့နယ်မှာ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗိုလ်တထောင်၊ ဗဟန်း၊ စမ်းချောင်း၊ ဒဂုံ၊ အလုံ၊ မင်္ဂလာတောင်ညွန့်နှင့် ပုဇွန်တောင်မြို့နယ်တို့ ဖြစ်ကြပြီး ယင်း မြို့နယ်များတွင် လူသွားလူလာ ထူထပ်များပြားခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် အများ ပြည်သူများကို အနှောင့်အယှက်ဖြစ်နိုင်သည်ဟူသော အကြောင်းပြချက်များဖြင့် လုံခြုံ ရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုးက နိုဝင်ဘာ ၇ ရက် ရက်စွဲဖြင့် ဝန်ကြီးချုပ်ကိုယ်စား လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ပြဋ္ဌာန်းခဲ့သော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေအရ စီတန်းလှည့်လည်ခြင်း မပြုမီ ၄၈ နာရီ ကြိုတင်ကာ သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများသို့ အကြောင်းကြားရန်သာ လိုအပ်ပြီး ပြည်သူများ၏ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ကို အတိအလင်း ပြဋ္ဌာန်းထား သည်။ ထိုကဲ့သို့ ပြည်ထောင်စုအဆင့် ဥပဒေတစ်ရပ်အပေါ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အမိန့်ညွှန်ကြားချက် ထုတ်ပြန်ကာ ပိတ်ပင်ခြင်းသည် ဥပဒေကို ချိုး ဖောက်ခြင်းဖြစ်ကြောင်းနှင့် ဆန္ဒပြသည့် နေရာများ ကန့်သတ်ခြင်းသည် ထုတ်ပြန်ထား သော ဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို တားဆီးခြင်းဖြစ်ကြောင်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေး တက်ကြွ လှုပ်ရှားသူများက ဝေဖန်ခဲ့ကြသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ခရီးစဉ်အတွင်း လုံခြုံရေး အရ ကန့်သတ်ခြင်း ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြန်လည် ရှင်းလင်းပြောကြားခဲ့သည်။ သို့သော် ပုပ်ရဟန်းမင်းကြီး၏ ခရီးစဉ် ပြီးဆုံးသွားသည့် နောက်ပိုင်းတွင်လည်း ၁၁ မြို့နယ် ဆန္ဒပြခွင့် ပိတ်ပင်ထားသည့် အမိန့်ကို ရုပ်သိမ်းခဲ့ခြင်းမရှိပေ။

## (ဃ) မေလတစ်လတည်း၌ပင် တက်ကြွလှုပ်ရှားသူ ၄၇ ဦးကို ငြိမ်းစုစီဥပဒေဖြင့် တရားစွဲဆိုခြင်း

၂၀၁၈ ခုနှစ်ထဲတွင် အစိုးရ စစ်တပ်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တို့ကြား ဖြစ်ပွားသော တိုက်ပွဲများကြောင့် ပြည်သူများ မြေစာပင် ဖြစ်ကြရပြီး တိုက်ပွဲအတွင်း ရာချီသော ပြည်သူများ ပိတ်မိခဲ့သည်။ ထိုအခြေအနေများကြောင့် မြန်မာနိုင်ငံ အနှံ့အပြားမှာ ငြိမ်းချမ်းရေး လူထုလှုပ်ရှားမှုများ၊ စစ်ပွဲရပ်တန့်ရေး တောင်းဆို ဆန္ဒပြပွဲများ၊ ငြိမ်းချမ်းရေး ကဗျာရွတ်ပွဲများ ပေါ်ပေါက်လာခဲ့သည်။ အဆိုပါ ဆန္ဒပြမှုများကို အစိုးရက တရားစွဲဆိုထားရသော အမှုအရေအတွက်မှာ မေလတစ်လအတွင်းမှာတင် ၁၅ မှုအထိ ရှိပြီး တက်ကြွလှုပ်ရှားသူ ၄၇ ဦး တရားရင်ဆိုင်နေရသည်။ အဆိုပါ အမှုများတွင် ရန်ကုန်တိုင်းတွင် ၇ မှု၊ မန္တလေးတိုင်းတွင် ၃ မှု၊ ပဲခူးတိုင်းတွင် ၃ မှုနှင့် ကချင်ပြည်နယ်တွင် ၂ မှုတို့ ပါဝင်သည်။

မေလ ၁၂ ရက်နေ့က တာမွေမြို့နယ်တွင် ပြုလုပ်ခဲ့သော ငြိမ်းချမ်းရေး လူထု လှုပ်ရှားမှု ဆန္ဒပြပွဲတစ်ခုတည်းမှာတင် တက်ကြွလှုပ်ရှားသူ လူငယ် ၁၇ ဦး တရားစွဲဆို ခံထားရသည်။ ယင်းဆန္ဒပြပွဲအတွက် သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများသို့ ငြိမ်းစုစီ ဥပဒေအတိုင်း ကြိုတင်အသိပေး အကြောင်းကြားခဲ့သော်လည်း မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၏ ၁၄၊ ၁၀၊ ၂၀၁၇ ရက်စွဲပါ အမိန့်ညွှန်ကြားချက်အရ အဆိုပါနေရာ များတွင် အများပြည်သူ ခရီးသွားလာမှု အနှောင့်အယှက် အဟန့်အတားဖြစ်စေခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း၊ သို့မဟုတ် ထိခိုက်နစ်နာစေခြင်းတို့ ဖြစ်ပေါ် နိုင်ခြင်းအပြင် ယာဉ်အသွားအလာ များပြားခြင်းနှင့် ယာဉ်ကြော ရှုပ်ထွေးခြင်းတို့ကြောင့် ခွင့်မပြုနိုင်ကြောင်း ရဲတပ်ဖွဲ့က အကြောင်းပြန်ခဲ့သည်။ ဆန္ဒပြသူတို့ကလည်း ငြိမ်းစုစီ ဥပဒေအရ အကြောင်းကြား အသိပေးရန်သာ လိုအပ်ပြီး ခွင့်ပြုချက်ရရှိရန် မလိုအပ် ကြောင်း ကြေညာခဲ့ပြီး စီစဉ်ထားသည့်အတိုင်း ဆန္ဒပြပွဲကို ဆက်လက်ပြုလုပ်ခဲ့ကြသည်။ ထိုဆန္ဒပြပွဲကို ရဲတပ်ဖွဲ့က လုပ်ထုံးလုပ်နည်းများကို ကျော်လွန်ပြီး အင်အားအလွန်အကျွံ သုံးစွဲကာ ဖြိုခွင်းခဲ့သည်။ ယင်းဆန္ဒပြပွဲကို လာရောက်ဟန့်တားသော သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆန္ဒပြပွဲ ဦးဆောင်သူတို့ကြား လူစုခွဲရန် သဘောတူညီမှုရရှိပြီး စတင် လူစုခွဲ ထွက်ခွာနေချိန်တွင် ရဲတပ်ဖွဲ့က အင်အားသုံး ဖြိုခွဲခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ဆန္ဒပြသူများကို ဖမ်းဆီးရာတွင်ရဲတပ်ဖွဲ့ဝင် မဟုတ်သည့် အမျိုးသားရေးတက်ကြွ လှုပ်ရှားသူများဟု ကိုယ့်ကိုယ်ကိုယ် အမည်ခံထားသော လူတစ်စုက ကိုယ်ထိလက်ရောက် ပါဝင်ခဲ့ခြင်းကို တာဝန်ရှိသူများက ခွင့်ပြုခဲ့သည်။ ထိုကဲ့သို့သော လုပ်ထုံးလုပ်နည်းများ ကို ကျော်လွန်ပြီး လုပ်ဆောင်ခဲ့ခြင်းအတွက် ဆန္ဒပြပွဲအား ဖြိုခွဲရန် အမိန့်ပေးခဲ့သည့် တာဝန်ရှိသူများကို တိုင်းဒေသကြီး အစိုးရအဖွဲ့က စစ်ဆေးဖော်ထုတ် အရေးယူရန် လိုအပ်သည်။

## (c) အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သူများကို ထောင်ဒဏ်တစ်နှစ်ခွဲ ချမှတ်ခံရခြင်း

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့နယ်တရားရုံးက ၂၀၁၇ ခုနှစ်အတွင်း မန္တလေးမြို့တွင် အမျိုးသားရေးဝါဒီ သံဃာများ၊ လူပုဂ္ဂိုလ်များနှင့် ပြုလုပ်ခဲ့သည့် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် ဦးဆောင် ပါဝင်ခဲ့သောကြောင့် ပြစ်မှုဆိုင်ရာဥပဒေ၊ ပုဒ်မ ၅၀၅ (ခ) ဖြင့် ဦးကျော်မျိုးရွှေကို ထောင်ဒဏ်တစ်နှစ်ခွဲ ချမှတ်ခဲ့သည်။ ဦးကျော်မျိုးရွှေသည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်တွင် အဖမ်းခံခဲ့ရပြီး ပြစ်ဒဏ်ချမှတ်ချိန်တွင် မန္တလေး အိုးဘိုအကျဉ်းထောင်၌ တစ်နှစ်ခန့် နေထိုင်ပြီးဖြစ်၍ ထောင်ဒဏ် ၇ လခန့်သာ ထပ်မံကျခံရမည် ဖြစ်သည်။ ထိုမန္တလေးမြို့ အမျိုးသားရေးဝါဒီ သံဃာများ၊ လူပုဂ္ဂိုလ်များ၏ အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည့် သံဃာ ၆ ပါးကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလက အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၈ လ ချမှတ်ခဲ့ပြီး ဖြစ်သည်။

## (စ) တရားရုံးရှေ့တွင် ဆန္ဒပြသူများကို ထောင်ဒဏ် ၁ နှစ်ခွဲစီ ချမှတ်ခဲ့ခြင်း

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် တရားရုံး၌ ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးအား ပြစ်မှုဆိုင်ရာဥပဒေ၊ ပုဒ်မ ၅၀၅(ခ) ဖြင့် ရုံးထုတ်စစ်ဆေးစဉ် ကိုနောင်နောင်၊ ဒေါ်လေးလေးတို့သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖျက်သိမ်းရန် ဆန္ဒပြခဲ့သည်။ ထိုဆန္ဒပြမှုကြောင့် ဇန်နဝါရီလ ၁၈ ရက်တွင် ကိုနောင်နောင်နှင့် ဒေါ်လေးလေးတို့ကို ဖမ်းဆီးပြီး ပြစ်မှုဆိုင်ရာဥပဒေ၊ ပုဒ်မ ၁၅၃ (ဆူပူအောင်ဖန်တီးမှု)၊ ပုဒ်မ ၅၀၅(ခ) (နိုင်ငံတော် အကြည်ညို ပျက်စေမှု) တို့ဖြင့် အမှု ဖွင့်ခဲ့သည်။ စက်တင်ဘာလ ၁၁ ရက်တွင် ၎င်းတို့ကို ဆူပူအောင်ဖန်တီးမှု ပုဒ်မ ၁၅၃ ဖြင့် ထောင်ဒဏ်ခြောက်လနှင့် နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ) ဖြင့် ထောင်ဒဏ်တစ်နှစ်တို့ကို တစ်ပေါင်းတည်းကျခံစေရန် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် တရားရုံးက အမိန့်ချခဲ့သည်။ ထို့ပြင် ဇန်နဝါရီလ ၁၇ ရက် ဆန္ဒပြမှုတွင် ပါဝင်ခဲ့သည် မနေဇာထွန်း၊ ကိုဇော်ကြီး၊ မခင်ချိုနိုင်နှင့် မသန်းသန်းထွေးတို့ကို အမှုတွဲများအဖြစ် ဖမ်းဝရမ်းထုတ်ထားသည်။

## (ဆ) ဆန္ဒပြသည့် အလုပ်သမားများ အလုပ်ထုတ်ခံခဲ့ရခြင်း

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေသံလွင် စက်မှုဇုန်၊ သံလွင်လမ်းရှိ Good Morning မုန့်စက်ရုံပိုင်ရှင်က စက်ရုံရှေ့၌ ဆန္ဒပြနေသည့် အလုပ်သမား ၈၀ ကျော်ကို လုပ်သက်နှစ်အလိုက် နစ်နာကြေးများပေး၍ အလုပ်ထုတ်ခဲ့သည်။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၂ ရက်တွင် Good Morning

မုန့်စက်ရုံရှေ့၌ တစ်နေ့လျှင် အနည်းဆုံး လုပ်ခ ၄၈၀၀ ကျပ် ရရှိသော်လည်း အခြား ခံစားခွင့်များ မရရှိတော့ခြင်းကြောင့် အလုပ်သမားများ စတင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ထို့နောက် လှိုင်သာယာမြို့နယ်၊ အလုပ်သမား ညှိနှိုင်းဖြန်ဖြေရေးရုံးတွင် ဆန္ဒပြ အလုပ်သမားများနှင့် Good Morning စက်ရုံမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့နောက် ဆန္ဒပြသည့် အလုပ်သမားတစ်ဦးစီကို Notice ကြေး တစ်လစာ၊ လုပ်သက် နှစ်အလိုက်နစ်နာကြေးနှင့် လုပ်သက်ခွင့်ကျန် လျော်ကြေးငွေများကို Good Morning စက်ရုံက ပေးခဲ့ပြီး စက်ရုံမှ အလုပ်ထုတ်ပယ်ခဲ့သည်။

## (ဈ) ဆန္ဒပြပွဲအတွက် ခွင့်ပြုမိန့်တင်ထားသူကို ၅၀၅(ခ) နှင့် တရားစွဲဆိုခြင်း

နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) တွင် တပ်မတော်ကို အရေးယူပေးရန် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့က ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအရှေ့တွင် တစ်ကိုယ် တော် ဆန္ဒပြခဲ့သည့် ဒီမိုကရေစီအရေး စဉ်ဆက်မပြတ် လှုပ်ရှားသူများ အင်အားစု (MDCF) ၏ ဗဟိုကော်မတီဝင် ဦးတင်မောင်ကြည်ကို ရဲတပ်ဖွဲ့က အကြမ်းဖက် ဖမ်းဆီးခဲ့ပါသည်။ ထိုသို့ ဆန္ဒပြရန် MDCF အဖွဲ့က ကျောက်တံတားမြို့နယ် ရဲစခန်းကို ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေအရ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကြိုတင်အသိပေး အကြောင်းကြားခဲ့သော်လည်း သက်ဆိုင်ရာက ခွင့် မပြုခဲ့ခြင်း ဖြစ်သည်။

ကြိုတင်အသိပေး အကြောင်းကြားပြီးမှ ခွင့်မပြုသော ဆန္ဒပြမှုများကို ငြိမ်းစုစီ ဥပဒေ ပုဒ်မ ၂၀ ဖြင့်သာ အရေးယူလေ့ရှိသော်လည်း ဦးတင်မောင်ကြည်ကို ကျောက်တံတား မြို့နယ်ရဲတပ်ဖွဲ့က ငြိမ်းစုစီဥပဒေအပြင် နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ) နှင့်ပါ တရားစွဲဆိုခဲ့သည်ကို တွေ့ရှိရပါသည်။

■

# အခန်း ၅
# အစီရင်ခံစာ အနှစ်ချုပ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော အရပ်သား အစိုးရလက်ထက်၊ သက်တမ်းဝက် ကာလအတွင်း မြန်မာနိုင်ငံ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်မှာ ယခင်အခြေအနေများထက် ဆိုးရွားလာသည်ကို အသံအဖွဲ့က တွေ့ရှိခဲ့သည်။ ဆက်သွယ်ရေးဥပဒေ ပြင်ဆင်ရာတွင် ပုဒ်မ ၆၆(ဃ)ကို မပယ်ဖျက်ခဲ့ခြင်း၊ ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုခံရမှုများ မြင့်တက်လာခြင်း၊ အစိုးရအပေါ် ဝေဖန်ပြောဆိုမှုများကို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးရေး ဥပဒေကို အသုံးပြုပြီး တရားစွဲဆို ထောင်ချမှုများ ရှိနေခြင်း၊ ဆွေးနွေးပွဲ/ဆုတောင်းပွဲများနှင့် ကဗျာရွတ်ဆိုပွဲများပါ ပိတ်ပင်တရားစွဲဆို မှုများရှိလာခြင်း၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ဂ) နှင့် ၁၂၄(က) တို့ကို စတင်အသုံးပြုလာခြင်း၊ သတင်းသမားများ တရားစွဲဆိုထောင်ချခံရမှုများ များပြားလာခြင်း၊ သတင်းထောက် နှစ်ဦးကို နှစ်ရှည် ထောင်ဒဏ်ချမှတ်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး ၁၁ မြို့နယ်တွင် ဆန္ဒထုတ်ဖော်ခွင့် ပိတ်ပင်ခဲ့ခြင်း၊ မေလ တစ်လတည်း၌ပင် တက်ကြွလှုပ်ရှားသူ ၄၇ ဦးကို ငြိမ်းစုစီဥပဒေဖြင့် တရားစွဲဆိုခြင်း၊ အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သူများကို ထောင်ဒဏ်တစ်နှစ်ခွဲ ချမှတ်ခံရခြင်း၊ တရားရုံးရှေ့တွင် ဆန္ဒပြသူများကို ထောင်ဒဏ် ၁ နှစ်ခွဲစီ ချမှတ်ခဲ့ခြင်း၊ ဆန္ဒပြပွဲအတွက် ခွင့်ပြုမိန့်တင်ထားသူကို ၅၀၅(ခ)နှင့် တရားစွဲဆိုခြင်း၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပိုမိုတင်းကျပ်သည့် အခြေအနေဖြစ်အောင် ဖန်တီးပြင်ဆင်နေခြင်းနှင့် တပ်မတော်ဘက်က လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်ခြင်း၊ ကန့်ကွက်ခြင်းနှင့် တရားစွဲ ဆိုခြင်းများကို မဟန့်တားခဲ့ခြင်းများကြောင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်မှာ အနုတ်လက္ခဏာဆောင်ခဲ့ခြင်း ဖြစ်သည်။

# အကြံပြုချက်များ

## လွှတ်တော်သို့

၁။ ဆက်သွယ်ရေးဥပဒေပါ ပုဒ်မ ၆၆(ဃ)၊ ၆၈(က)၊ ပုဒ်မ ၇၇ နှင့် ပုဒ်မ ၇၈ တို့ကို အပြီးတိုင် ဖျက်သိမ်းပြီး ပုဒ်မ ၇၅ နှင့် ပုဒ်မ ၇၆ တို့ကို ပြန်လည်သုံးသပ် ပြင်ဆင်သင့်ပါသည်။

၂။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ ၈(စ)ကို ဖျက်သိမ်းသင့်ပါသည်။

၃။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ဒီမိုကရေစီနှင့် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ပြန်လည် ပြင်ဆင်သင့်ပါသည်။

၄။ သတင်းအချက်အလက်များ ရယူပိုင်ခွင့်ဥပဒေ (Right to Information Law) ကို ပြဋ္ဌာန်းပြီး မြန်မာနိုင်ငံ အစိုးရလျှို့ချက် အက်ဥပဒေကို ဖျက်သိမ်းသင့်ပါသည်။

၅။ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(က)၊ (ခ) နှင့် ၁၂၄(က)တို့ကို ဖျက်သိမ်းသင့်ပါသည်။

၆။ မတရားအသင်း ဥပဒေပါ ပုဒ်မများကို ပြန်လည်စဉ်းစား သုံးသပ်ကာ ပြင်ဆင်သင့်ပါသည်။

၇။ ဥပဒေအရပ်ရပ်ရှိ အသရေဖျက်မှုများကို ရာဇဝတ်မှုမှ တရားမမှုပုံစံသို့ ပြောင်းလဲသင့်ပါသည်။

၈။ ပြည်သူများ၏ ရပိုင်ခွင့်နှင့် ဆိုက်ဘာလုံခြုံရေးကို အကာအကွယ်ပေးနိုင်သော ဆိုက်ဘာ ရာဇဝတ်မှု ဥပဒေကို ပြဋ္ဌာန်းသင့်ပါသည်။

၉။ ဥပဒေအချင်းချင်း ဆင်တူနေခြင်း၊ သို့မဟုတ် ဥပဒေချင်း ပဋိပက္ခ ဖြစ် မဖြစ် တည်ဆဲဥပဒေများနှင့် ဥပဒေကြမ်းများ အားလုံးကို ပြန်လည် သုံးသပ်သင့်ပါသည်။

၁၀။ ဥပဒေသစ်တစ်ခု ပြဋ္ဌာန်းရာတွင်၊ သို့မဟုတ် ပြင်ဆင်ရာတွင် လွှတ်တော်အနေဖြင့် အရပ်ဘက် အဖွဲ့အစည်းများနှင့် ထိရောက်သော တွေ့ဆုံဆွေးနွေးမှုများ၊ အကြံပြုချက် ရယူမှုများ လုပ်ဆောင်သင့်ပါသည်။

၁၁။ ဆက်သွယ်ရေးကွန်ရက်များအား စောင့်ကြည့်လေ့လာခြင်းများ၊ ကြားဖြတ် နားထောင်ခြင်းများကို ပြုလုပ်ရာတွင် တရားဥပဒေနှင့်ညီသော ကြားဖြတ် နားထောင်ခြင်းမူဝါဒ (lawful interception framework) ချမှတ်ပြီးမှသာ ပြုလုပ်ဆောင်ရွက်သင့်သည်။

## အစိုးရနှင့် တပ်မတော်သို့

၁။ အစိုးရခေါင်းဆောင်များနှင့် ပြည်သူ့ဝန်ထမ်းများအနေဖြင့် ပြည်သူ့အသံဖြစ်သော ဝေဖန်မှုများကို အလေးထား နားထောင်၍ ပြင်းထန်သော ဥပဒေများဖြင့် တရားစွဲဆိုခြင်း မပြုလုပ်သင့်ပါ။

၂။ နိုင်ငံရေးခေါင်းဆောင်များ၊ အစိုးရ၊ လွှတ်တော်ကိုယ်စားများ၊ ဌာနဆိုင်ရာများ အနေဖြင့် မိမိတို့အပေါ် ဝေဖန်ပြောကြားမှုများနှင့် စပ်လျဉ်း၍ ပြည်သူများအပေါ် တရားစွဲဆိုထားမှုများကို အမြန်ဆုံး ပြန်လည် ရုပ်သိမ်းပေးသင့်ပါသည်။

၃။ သတင်းမီဒီယာလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ပြည်သူများ ကျင့်သုံးနိုင်အောင် အခင်းအကျင်းများ ဖန်တီးပေးသင့်သည်။

၄။ အစိုးရအနေဖြင့် ပြည်သူများ ဒစ်ဂျစ်တယ်နှင့် မီဒီယာ စာတတ်မြောက်ရေးအတွက် နိုင်ငံတော်အဆင့် မဟာဗျူဟာ စီမံကိန်းများ ချမှတ်ကာ သင်တန်းများပို့ချခြင်း၊ ပညာပေး ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သင့်ပါသည်။

၅။ နိုင်ငံပိုင်မီဒီယာများကို အချိန်ကာလတစ်ခုအတွင်း ဖျက်သိမ်းနိုင်ရန် ကြိုးစားသင့်သည်။

၆။ တပ်မတော်အနေဖြင့် ပြည်သူတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် ရယူပိုင်ခွင့်ကို လေးစား လိုက်နာသင့်ပါသည်။

၇။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်၌ ဥပဒေကြမ်းများကို ဆွေးနွေးရာတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အကန့်အသတ်ဖြစ်စေနိုင်သော ဆွေးနွေးမှုများကို မပြုလုပ်သင့်ပါ။

## တရားစီရင်ရေးနှင့် တရားရုံးများ

၁။ တရားဥပဒေ စိုးမိုးရေးနှင့် လွတ်လပ်စွာ တရားစီရင်ရေးကို အလေးပေး ကိုင်တွယ်သင့်သည်။

၂။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အကြောင်းကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ တရားသူကြီးများအား သင်တန်းပို့ချသင့်ပါသည်။

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ

၁။ သတင်းမီဒီယာဥပဒေ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဆိုင်ရာဥပဒေတို့ကို ပြင်ဆင်နိုင်ရေးအတွက် ကြိုးစားလုပ်ဆောင်သင့်သည်။

၂။ သတင်းမီဒီယာလွတ်လပ်ခွင့် အပြည့်အဝ ရရှိနိုင်ရန် ရေခံမြေခံ အခင်းအကျင်းမျိုး ဖန်တီးသင့်သည်။

၃။ ယနေ့ဒီဂျစ်တယ်ခေတ်တွင် မီဒီယာများသည် အင်တာနက်ကွန်ရက်ကို အခြေခံသော ကြားခံများကို အသုံးပြုလာကြသဖြင့် တိုင်းပြည်တွင်း ကောင်းမွန်သော အင်တာနက် စီမံအုပ်ချုပ်မှုစနစ် (Internet Governance) ရရှိစေရန် မီဒီယာကောင်စီအနေဖြင့် သက်ဆိုင်ရာ အင်တာနက်မူဝါဒ ဖော်ဆောင်ရေးအဖွဲ့များဖြင့် ပူးပေါင်း ဆောင်ရွက်သင့်ပါသည်။

■




Athan အသံ
FREEDOM OF EXPRESSION ACTIVIST ORGANIZATION

SEAPA
Southeast Asian Press Alliance

အသံအဖွဲ့မှ ကောက်ခံရရှိသောစာရင်းများအရ လက်ရှိအစိုးရလက်ထက်
သက်တမ်း(၂)နှစ်ခွဲအတွင်း ငြိမ်းစုစီဥပဒေဖြင့် တရားစွဲဆိုခံထားရသော
အမှုပေါင်း(၃၉)မှု ရှိနေပြီး တက်ကြွလှုပ်ရှားသူ(၁၄၂)ဦးထိ တရားရင်ဆိုင်နေရသည်။

According to the data collected by Athan, there are 39 cases under Peaceful Assembly and Peaceful Procession Law, in which 142 activists are facing trials, within two and a half years under the current government.

# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်
## အစိုးရသက်တမ်းဝက်အစီရင်ခံစာ
## Mid-term Report on Freedom of Expression